# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၀)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး<br>* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး<br>* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## လူသယံဇာတ၊ သဘာဝသယံဇာတများကို ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချ

## အိမ်နီးချင်းနိုင်ငံများကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုင်းပြည်ကိုတည်ဆောက်

## လုပ်ငန်းများ မြန်မြန်ပြီးမြောက်မှသာ ပြည်သူလူထုအနေဖြင့် မြန်မြန်အကျိုးခံစားကြရမည်

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုသော တူညီသည့် ရည်မှန်းချက်ဖြင့် အထက်နှင့်အောက်၊ ဘေးတိုက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၂**

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် ဖော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့ လက်ထက်တွင် ၂ နှစ်၊ ၃ နှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်ပြီးဆောင်ရွက်ကြရမည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၂၃ ရက်)

# မိုးလေဝသအခြေအနေ သတိပေးထုတ်ပြန်ချက်များ အလေးထားလိုက်နာ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ မိုးလေဝသဌာနများနှင့်အတူ ပူးပေါင်းလျက် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို ခေတ်မီမိုးလေဝသခန့်မှန်းခြင်းဆိုင်ရာနည်းစနစ်များ၊ သတင်းအချက်အလက်နှင့် နည်းပညာ အသစ်အဆန်းများ အသုံးပြုလျက် ပြည်သူများထံ နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းသို့ ထုတ်ပြန်ပေးလျက်ရှိရာတွင် ထူးခြားမိုးလေဝသ သတင်း၊ မုန်တိုင်းသတင်း၊ မုန်တိုင်းသတိပေးချက်၊ ဒီရေတက်မည့် သတိပေးချက်၊ မုန်တိုင်းဆိုင်ရာ အကြံပြုချက်၊ အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်၊ လေပြင်းတိုက်ခတ်မည့် သတိပေးချက်၊ ဘင်္ဂလားပင်လယ်အော်အခြေအနေစသည်တို့ကို နေ့စဉ် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

ရာသီဥတုအကူးအပြောင်းကာလများနှင့် မိုးကြို၊ မိုးဦးကာလများအတွင်း အများအားဖြင့် ဖြစ်ပေါ်တတ်သော မိုးလေဝသအခြေအနေများမှာ လေပွေလှိုင်းများ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်တတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများဖြစ်ပေါ်တတ်ခြင်းတို့ ဖြစ်ကြသည်။

တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသော ယနေ့အချိန်ကာလ သတင်းဆက်သွယ်ရေးနည်းပညာခေတ်၌ မိုးလေဝသခန့်မှန်းခြင်းလုပ်ငန်းများသည် ခေတ်မီတိုးတက်လာလျက်ရှိသည်။

ယခုကဲ့သို့ ရာသီဥတုပူပြင်းသည့်ကာလတွင် အပူချိန်မြင့်တက်တတ်ပေရာ နေ့အပူချိန်၊ ညအပူချိန်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာသွန်းမှုအခြေအနေနှင့် လေပြင်းကျရောက်ဖွယ်ရာရှိသော အခြေအနေများစသည်တို့ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းသို့ ခန့်မှန်းထုတ်ပြန်ပေးချက်များကို ပြည်သူများက အလေးထားလိုက်နာမှသာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ရာ ပြည်သူများအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးလျက်ရှိသည့် သတင်းထုတ်ပြန်ချက်များကို နေ့စဉ်သတိပြု လိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ဂီရိမုန်တိုင်းသင့် မြေပုံမြို့နယ်အတွက် ငွေနှင့်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဧပြီ ၂၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဧပြီ ၁၉ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြောက်ဦးမြို့နယ် ဆန်ကုန်သည်ကြီးများအသင်း၊ မြို့မိမြို့ဖများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

**တက်ရောက်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မြေပုံမြို့သို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ညနေ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့် မြေပုံမြို့နယ်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် သီတဂူဆရာတော်ကြီးနှင့် အလှူရှင်များက ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့် ပြည်သူများအတွက် ငွေကျပ် ၁၅၅၃၀၀၀၀၀တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြေကြီး မြေပုံ၊ မြေစာရင်းမှန်ကန်ရေး တာချီလိတ်တွင် ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် မြေကြီး မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးအတွက် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို တာချီလိတ်ခရိုင် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးကျော်ထင်က လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

**ဆောင်ရွက်လျက်ရှိ**

တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်အတွင်း ကွင်းပေါင်း ၇၀အား မြေကြီးမြေပုံ မှန်ကန်ရေးအတွက် အဖွဲ့ခုနစ်ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

## မြေယာရှင်းအလု ကျုံပျော်၌ ဆောင်ရွက်

*ကျုံပျော် ဧပြီ ၂၂*

*ကျုံပျော်မြို့ သာယာလှပရေးအတွက် အဖွဲ့ရုံးဝင်းအတွင်း မြေယာရှင်းအလု ဆောင်ရွက်နေမှုကို ဧပြီ ၄ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။*

*(မြို့နယ်စည်ပင်)*

## သွေးသည် အသက်

## ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာ၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာ၌ မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ရက်က ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပသည်။နှစ်စဉ်မပျက် ဇီဝိတဒါနငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ကျရောက်တိုင်း ကျင်းပလျက်ရှိရာ ယခုအခါ (၁၁၁)ကြိမ် ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ် ဇီဝိတဒါန ငါးလွှတ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ငါးကောင်ရေ ၅၀၀၀၀ ကျော်ကို ကုက္ကိုဝမြစ်အတွင်းသို့ စုပေါင်းလွှတ်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၈၃)

## ရန်ကင်း ပညာရေးကောလိပ် ကျောင်းသားဟောင်းများ ဖြတ်ဆရာပူဇော်မည်

*ရန်ကုန် ဧပြီ ၂၂*

*ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများသည် အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမြကျော် ဖုန်း-၅၆၆၆၁၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဦးလှထွန်း ဖုန်း-၆၄၆၁၈၃၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၀၉-၅၅၀၂၂၈၉၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇- ၄၀၇၃၉၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၃၆၂၊ ဦးစိန်သွေး ဖုန်း-၅၆၁၅၆၅၊ ဦးကျော်ဒွေး၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးကြည်ဝင်း ဖုန်း-၃၇၄၂၆၉၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၀၅၆-၂၁၃၁၂၊ ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆ တို့ထံသို့လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးရုံးများမှတစ်ဆင့် လည်းကောင်း ဧပြီ ၂၅ရက် နောက်ဆုံးထား၍ အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။*

*(မြန်မာ့အလင်း)*

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ခေမာရာမ ပညာရေးကျောင်း၌ ဧပြီ ၇ ရက်က ကျင်းပရာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၈၄)

## အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၂**

ဝါဏိဇ္ဇဘွဲ့ရများအသင်း မြန်မာနိုင်ငံမှကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းက Accounting Policies, Estimates and Errors ခေါင်းစဉ်ဖြင့် ဧပြီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီနှင့် အသင်းအတွင်းရေးမှူး ဦးမိုးကျော်က ISA-500-Audit Evidence, ISA-501-Audit Evidence Specific Considerations for Selected Items ခေါင်းစဉ်ဖြင့် ဧပြီ ၂၃ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အလုပ်ရုံဆွေးနွေးပွဲများကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁)၊ လမ်း၅၀(အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ရုံးဖုန်း-၂၉၁၆၆၇နှင့်၀၉-၇၃၀၈၀၂၆၉တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# နိုင်ငံတစ်ဝန်းတွင် လမ်းနှင့် တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့မှုကြောင့် လမ်း၊ တံတားများ ယခင်ကထက် တိုးတက်များပြားလာ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၂

**ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားများ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်တင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း (၁၉) ခုကို ရှင်းလင်းတင်ပြသည်။**

## စီမံကိန်း (၁၉)ခု

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့် စီမံကိန်း (၁၉)ခုမှာ ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်းဖောက်လုပ်ခြင်း၊ စစ်ကိုင်း-ရှိမ္မကား-မြစ်ကြီးနားလမ်းဖောက်လုပ်ခြင်း၊ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ဖောက်လုပ်ခြင်း၊ ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်းဖောက်လုပ်ခြင်း၊ မလွန်-စစ္စနိုး-ရေနံ့မ-ကန်တုတ်လမ်းဖောက်လုပ်ခြင်း၊ မွန်းတည့်ခွင်-ကျည်တောင်-နေပြည်တော်ပတ်လမ်း အဆင့်တိုးမြှင့်ခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းဆက်လက်ဆောင်ရွက်ခြင်း၊ မြေပုံ-ကံသာ-ကပိုင်

နေပြည်တော်-မန္တလေး လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

လမ်းသစ်ဖောက်လုပ်ခြင်း၊ ဗန္ဓုလ-မောင်တော-အငူမော်လမ်း ဖောက်လုပ်ခြင်း၊ မိုင်းနောင်-မိုင်းစံ(မုံးဆန်း)လမ်းသစ်ဖောက်လုပ်ခြင်း၊ ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်းဖောက်လုပ်ခြင်း၊ မိုင်းပန်-မုံးထ-မုံးထော်လမ်း ဖောက်လုပ်ခြင်း၊ လပ္ပတ္တာ(ကျောက်ဖျာလေး)- အုတ်တွင်း-ထိပ်စွန်းလမ်းပေါ်ရှိ သက္ကယ်သောင် မြစ်ကူးတံတားတည်ဆောက်ခြင်း၊ နေပြည်တော်မြို့ပတ်လမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား(နေပြည်တော်) တည်ဆောက်ခြင်း၊ ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်ရှိ မချမ်းဘောတံတား တည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင် လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတားနှစ်စင်းတည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ တံတားလေးစင်းတည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်းနှင့် မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယော(ကံတွင်း)တံတား တည်ဆောက်ခြင်းတို့ဖြစ်သည်။

**မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသည့် ရာဇဒိုင်တံတားအမှတ်(၁)က ဧရာဝတီတိုင်းသားတို့အတွက် တန်ဖိုးမဖြတ်နိုင်....။**

ကချင်ပြည်နယ်တွင် မြောက်ဖျားဒေသ ပူတာအိုခရိုင်အတွင်း ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်း အရှည် ၁၃၆ မိုင်ရှိ မြေသားလမ်းအား အဆင့်နှစ်ဆင့်ခွဲ၍ ပူတာအို-ရပ်ဘော့အပိုင်း ၅၃မိုင်ကို ကျောက်ချောလမ်း၊ ရပ်ဘော့-ခေါင်လန်ဖူးအပိုင်း ၆၅ မိုင် ၄ ဖာလုံကို အမာခံလမ်းအဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအတွင်း ၂၂၅ မိုင် ၁ ဖာလုံ၊ ကချင်ပြည်နယ်အတွင်း ၁၁၄ မိုင် ၆ ဖာလုံ၊ စုစုပေါင်း ၃၃၉ မိုင် ၇ ဖာလုံ ရှိပြီး လမ်းအမျိုးအစားမှာ ကတ္တရာလမ်း ၄၉ မိုင်၊ ကျောက်လမ်း ၃၈မိုင် ၇ ဖာလုံနှင့် မြေလမ်း ၂၅၂မိုင်ဖြစ်သည်။ စစ်ကိုင်း-ရှိမ္မကား-ကသာ-မြို့လှ-ဆင်ဘို-မြစ်ကြီးနားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တည်ဆောက်သွားမည်ဖြစ်သည်။

## တည်ဆောက်သွားမည်

အရှည် ၃၈မိုင်ရှိသည့် ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ကျောက်လမ်း(အမာခံလမ်း)ကို လမ်းတာပေါင်တင်ခြင်း၊ သံကူကွန်ကရစ်တံတားများ တည်ဆောက်ခြင်းတို့ဖြင့် ကတ္တရာလမ်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

## ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်း

ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်းသည် ချင်းတွင်းမြစ်နှင့် ရွှေသမင်တောင်တန်းအကြားတွင်ရှိပြီး အရှည် ၆၅ မိုင် ၄ ဖာလုံရှိမည်ဖြစ်သည်။ ယခင်က ဆက်သွယ်သွားလာမှုမရှိခဲ့သည့် ဒေသအတွင်း လမ်းအူကြောင်းအသစ်ရှာဖွေ၍ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးခြင်းဖြင့် ယခင်က ရေလမ်းခရီးကိုသာ အားထားအသုံးပြုရာမှ ကုန်းလမ်းခရီးဖြင့် အခြားဒေသများသို့ လွယ်ကူချောမွေ့စွာ သွားလာအသုံးပြုနိုင်မည်ဖြစ်သည်။

## မလွန်-စစ္စနိုး-ရေနံ့မ-ကန်တုတ်လမ်း

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီတံတား(မလွန်)မှ ပုသိမ်- မုံရွာလမ်းမကြီးနှင့် သရက်-မင်းလှလမ်းတို့ကို ဆက်သွယ်ဖြတ်သန်းဖောက်လုပ်မည့် မလွန်-စစ္စနိုး-ရေနံ့မ-ကန်တုတ်လမ်းသည် အရှည် ၄၇ မိုင် ၄ ဖာလုံရှိပြီး မူလလမ်းဖြစ်သည့် တာပေါင်လမ်းအား ကတ္တရာလမ်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါလမ်းမကြီးပြီးစီးသွားပါက ပုသိမ်- မုံရွာလမ်းနှင့်အပြိုင် တောင်မြောက်ဖောက်လုပ်ထားသော သရက်-မင်းလှလမ်းနှင့် လည်းကောင်း၊ ဧရာဝတီတံတား(မလွန်)မှတစ်ဆင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းသို့ လည်းကောင်း အလွယ်တကူ သွားရောက်နိုင်မည်ဖြစ်သည်။

## ကောင်းမွန်လာ

နေပြည်တော်ခရိုင်ပတ်လမ်းဖြစ်သည့် မွန်းတည့်ခွင် - ကျည်တောင် နေပြည်တော်ပတ်လမ်း အရှည် ၂၁ မိုင် ၄ ဖာလုံသည် ယခင်က ကုန်ထုတ်လမ်းအဖြစ်သာ အသုံးပြုခဲ့သည်။ ယခုအခါ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်ရာ လမ်းအနီးရှိ ကျေးရွာပေါင်း ၁၄ ရွာ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဒေသထွက်ကုန်များ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ရန်ကုန် အမှတ်(၃) လမ်းဆုံမှ နေပြည်တော်(စီ) လမ်းဆုံအထိ လမ်းပိုင်းအား ၂၀၀၉ ခုနှစ်၊ မတ် ၂၅ ရက်တွင် လည်းကောင်း၊ နေပြည်တော်(စီ) လမ်းဆုံမှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီး စကားအင်းလမ်းဆုံအထိ လမ်းပိုင်းအား ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်တွင်လည်းကောင်း အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ လေဆိပ်လမ်းဆုံမှ မန္တလေး တံခွန်တိုင်တံတားအထိ ၁၃ မိုင် ၅ ဖာလုံ လမ်းပိုင်းကို ရှစ်လမ်းသွားကွန်ကရစ်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလမ်းပြီးစီးသွားပါက ရန်ကုန်-နေပြည်တော်-မန္တလေးအကြား သတ်မှတ်အမြန်နှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်ပြီး ခရီးအချိန်သက်သာမှုကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

23-4 (03).pmd 1 4/23/2011, 3:48 AM

# ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့် စီမံကိန်း (၁၉)ခု

* ပူတာအို - ရပ်ဘော့ - ခေါင်လန့်ဖူးလမ်း ဖောက်လုပ်ခြင်း၊
* စစ်ကိုင်း-ရွှေဘိုမှကား-မြစ်ကြီးနားလမ်း ဖောက်လုပ်ခြင်း၊
* ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ဖောက်လုပ်ခြင်း၊
* ကနီ - မင်းကင်း - တောင်တွင်းချောင်းလမ်း ဖောက်လုပ်ခြင်း၊
* မလွန်-စစ္စနီး-ရေနံမ-ကန်တုတ်လမ်း ဖောက်လုပ်ခြင်း၊
* မွန်းတည့်ခွင် - ကျည်တောင် - နေပြည်တော်ပတ်လမ်း အဆင့်တိုးမြှင့်ခြင်း၊
* ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ဆက်လက်ဆောင်ရွက်ခြင်း၊
* မြေပုံ-ကံသာ-ကပိုင် လမ်းသစ်ဖောက်လုပ်ခြင်း၊
* ပန္နုလ-မောင်တော-အငူမော်လမ်း ဖောက်လုပ်ခြင်း၊
* မိုင်းနောင်-မိုင်းစံ(မုံးဆန်း)လမ်းသစ် ဖောက်လုပ်ခြင်း၊
* ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်း ဖောက်လုပ်ခြင်း၊
* မိုင်းပန်-မုံးထ-မုံးထော်လမ်း ဖောက်လုပ်ခြင်း၊
* လပွတ္တာ(ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်းလမ်းပေါ်ရှိ သက္ကယ်သောင်မြစ်ကူးတံတား တည်ဆောက်ခြင်း၊
* နေပြည်တော်မြို့ပတ်လမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား(နေပြည်တော်) တည်ဆောက်ခြင်း၊
* ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်ရှိ မချမ်းဘောတံတား တည်ဆောက်ခြင်း၊
* ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတားနှစ်စင်း တည်ဆောက်ခြင်း၊
* ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း - ရသေ့တောင်လမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်း၊
* ရခိုင်ပြည်နယ် ကျောက်တော် - ပလက်ဝလမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်း၊
* မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူ လမ်းပေါ်ရှိ ယော(ကံတွင်း) တံတား တည်ဆောက်ခြင်း။

စာမျက်နှာ ၃ မှ

ရခိုင်ပြည်နယ်တွင် ပင်လယ်ကမ်းနားမြို့ဖြစ်သည့် မြေပုံမြို့မှ ရန်ကုန်-စစ်တွေ ကားလမ်းနှင့်ဆက်စပ်၍ ဒေသအသီးသီးသို့ သွားလာနိုင်ရန် ရည်ရွယ်လျက် မြေပုံ-ကံသာ-ကပိုင်လမ်းကို ကတ္တရာလမ်းအဖြစ် အသစ်တည်ဆောက်သွားမည်ဖြစ်သည်။ လမ်းအရှည် ၁၂ မိုင် ၄ ဖာလုံရှိပြီး မြေပုံမြို့မှ ကံသာရွာသို့ ၃ မိုင် ၆ ဖာလုံကို အမာခံလမ်းဆောင်ရွက်ပြီးဖြစ်၍ ကျန်လမ်းပိုင်းကို အသစ် တည်ဆောက် ဖောက်လုပ်သွားမည်ဖြစ်သည်။ အဆိုပါလမ်းပိုင်းပေါ်တွင် ပေ ၁၅၀ အရှည်ရှိ ပဲကောက်ချောင်းတံတား၊ အရှည်ပေ ၁၀၈၀ ရှိ ပြွန်ရှည်ချောင်း တံတားနှင့် အရှည် ၂၃၇၂ ပေရှိ ကျောင်းဂမော်မြစ်ကူးတံတားများ တည်ဆောက်ရမည်ဖြစ်သည်။ အဆိုပါလမ်းပြီးစီးပါက အခြားဒေသများနှင့် ကူးသန်းသွားလာရာတွင်လည်းကောင်း၊ ဒေသထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင်လည်းကောင်း ပိုမိုလွယ်ကူလျင်မြန်၍ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့ လာမည်ဖြစ်သည်။

### ဗန္နုလ-မောင်တော-အငူမော်လမ်း

ဗန္နုလ-မောင်တော-အငူမော်လမ်းသည် အရှည် ၉၄ မိုင် ၅ ဖာလုံရှိပြီး ရခိုင်ပြည်နယ် ပင်လယ်ဝမှ ဘင်္ဂလားဒေ့ရှ်နယ်စပ်အထိ မြန်မာပြည်နယ်နိမိတ်အတွင်း ဖောက်လုပ်မည့်လမ်းဖြစ်သည်။ အဆိုပါလမ်းတစ်ခုလုံးကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ရာ အဆိုပါလမ်း ပြီးစီးသွားပါက မြန်မာနိုင်ငံအနောက်ဘက်ခြမ်းဒေသတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။

ရှမ်းပြည်နယ်တွင် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို တိုက်ရိုက်ဆက်စပ်ပေးမည့် မိုင်းနောင်-မိုင်းစံ(မုံးဆန်း) လမ်းအရှည် ၂၂ မိုင် ၅ ဖာလုံကို ကတ္တရာလမ်းအဖြစ် အသစ်ဖောက်လုပ် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါလမ်းပေါ်တွင် အကျယ်ပေ ၄၀၀ခန့်ရှိ နမ့်ပန်တက်ချောင်းဖြတ်တံတား အပါအဝင် သံကူကွန်ကရစ်တံတားကြီးငယ်များ ထည့်သွင်းတည်ဆောက် ဖောက်လုပ်သွားမည်ဖြစ်သည်။ အဆိုပါလမ်း ပြီးသွားပါက မိုင်းရှူးသို့လည်းကောင်း၊ ကာလိ-တာကော်မှ တောင်ကြီးသို့လည်းကောင်း ခရီးတိုအတွင်း ကူးသန်းသွားလာနိုင်မည်ဖြစ်သည်။

### ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်း

ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်း အရှည် ၆၈ မိုင်ကို မူလတစ်ကြောင်းထိုးလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဖောက်လုပ်သွားမည် ဖြစ်သည်။ အဆိုပါလမ်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ ကာလိမှ မိုင်းစံ(မုံးဆန်း)မြို့ကိုဖြတ်၍ မိုင်းရှူးနှင့် မိုင်းနောင်မြို့များသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ရေးအတွက် ဆောင်ရွက်မည့်လမ်း တစ်လမ်းဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက သံလွင်မြစ်နှင့် နမ့်ပန်ချောင်းကြား ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကာလိမှ မိုင်းရှူးသို့ ခရီးတို၊ အချိန်တို သွားလာနိုင်မည်ဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၁ သို့*

**နေပြည်တော် မြို့ပတ်လမ်းသစ်ပေါ်တွင် တည်ရှိမည့် ပေါင်းလောင်းမြစ်ကူးတံတား(နေပြည်တော်)သည် တံတားအရှည် ပေ ၄၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါဝင်ပြီး ယာဉ်တစ်စီး ခွင့်ပြုတန် ၆၀ ဖြစ်သည်။ အဆိုပါတံတားပြီးစီးသွားပါက ပေါင်းလောင်းမြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှ နေပြည်တော်သို့ အချိန်မရွေးဆက်သွယ်သွားလာနိုင်သည့်အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။**



## သီပေါ တံတား

အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် သီပေါတံတားသစ်ကို တွေ့ရစဉ်။

*စာမျက်နှာ ၄ မှ*

မိုင်းပန်-မုံးထ-မုံးထော်လမ်းသည် ခန့်မှန်းအရှည် ၇၄ မိုင်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ကို ဆက်သွယ်သည့်လမ်းဖြစ်သည်။ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဆင့် ဖောက်လုပ်သွားမည်ဖြစ်ပြီး အရှည်ပေ ၈၂၀ ရှိ သံလွင်မြစ်ကူး ကြိုးတံတား တစ်စင်းကိုပါ တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ ဆက်သွယ်သွားလာမှု ပိုမိုလျင်မြန်စေပြီး ဒေသနေပြည်သူများ၏ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## တိုက်ရိုက်သွားလာနိုင်

ဧရာဝတီလမ်းကွန်ရက်ဖွံ့ဖြိုးရေး စီမံကိန်းရှိ လမ်းအမှတ်(၄) လပွတ္တာ(ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်းလမ်း၌ တည်ဆောက်ရန် တံတား ၁၄ စင်းအနက် ကိုးစင်း တည်ဆောက်ပြီးစီးပြီး လေးစင်းမှာ ဆောက်လုပ်ဆဲဖြစ်သည်။ ကျန်ရှိသော သက္ကယ်သောင်မြစ်ကူးတံတားကို အောက်ခြေ အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်များဖြင့်လည်းကောင်း၊ တံတားအပေါ်ထည်ကို သံပေါင်ကြိုးတံတား နှစ်လမ်းသွားအဖြစ်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်သည်။ တံတားအရှည် ပေ ၂၈၄၀၊ လမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါဝင်ပြီး ယာဉ်တစ်စီးခွင့်ပြုတန် ၆၀ ဖြစ်သည်။ သက္ကယ်သောင်မြစ်ကူးတံတား တည်ဆောက်ပြီးပါက မြောင်းမြ-လပွတ္တာမြို့များမှ အုတ်တွင်း-ထိပ်စွန်းသို့ တိုက်ရိုက်သွားလာနိုင်မည့်အပြင် ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်သည်။

## ဆက်သွယ်သွားလာနိုင်

နေပြည်တော်မြို့ပတ်လမ်းသစ်ပေါ်တွင် တည်ရှိမည့် ပေါင်းလောင်းမြစ်ကူးတံတား(နေပြည်တော်)သည် တံတားအရှည် ပေ ၄၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါဝင်ပြီး ယာဉ်တစ်စီးခွင့်ပြုတန် ၆၀ ဖြစ်သည်။ အဆိုပါတံတားပြီးစီးသွားပါက ပေါင်းလောင်းမြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှ နေပြည်တော်သို့ အချိန်မရွေး ဆက်သွယ်သွားလာနိုင်သည့်အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

## ပူတာအို-မချမ်းဘော-နောင်မွန်းလမ်း

ကချင်ပြည်နယ် ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်တွင် မလိခမြစ်ကိုဖြတ်၍ မချမ်းဘော ဂျစ်ကားကူး ကြိုးတံတားအား ၁၉၉၁ ခုနှစ်က တည်ဆောက်ခဲ့သည်။ ယခုအခါ တိုးတက်များပြားလာသော ယာဉ်ကြီးများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တံတားအရှည်ပေ ၇၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၁ ပေ ၃ လက်မနှင့် ခွင့်ပြုတန်ချိန် ၃၆ တန်ရှိပြီး အောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့်လည်းကောင်း၊ တံတားအပေါ်ထည်ကို တစ်လမ်းသွား ဘေလီကြိုးတံတားဖြင့်လည်းကောင်း တည်ဆောက်မည်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက ပူတာအိုမှ မချမ်းဘော၊ နောင်မွန်းနှင့် ခေါင်လန်ဖူးမြို့များသို့ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေကားလမ်းသို့ ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင်လမ်းတွင် အရှည်ပေ ၁၀၈၀ ရှိ ပြွန်ရှည်တံတားနှင့် အရှည် ၂၃၂၄ ပေရှိ ကျောင်းဂမော်တံတားတို့ကို တည်ဆောက်မည်ဖြစ်သည်။ ပြွန်ရှည်တံတား၏ အောက်ခြေအုတ်မြစ်အား သံကူကွန်ကရစ်ပိုင်တိုင်များအဖြစ်လည်းကောင်း၊ တံတားအပေါ်ထည်ကို သံကူကွန်ကရစ် နှစ်လမ်းသွားတံတားအဖြစ်လည်းကောင်း၊ ကျောင်းဂမော်တံတား၏ အောက်ခြေအုတ်မြစ်အား သံကူကွန်ကရစ်ပိုင်များဖြင့်လည်းကောင်း၊ တံတားအပေါ်ထည်ကို သံပေါင်နှစ်လမ်းသွားအမျိုးအစားဖြင့်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး ယာဉ်တစ်စီး ခွင့်ပြုတန် ၇၅ တန်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက မြေပုံမြို့မှ ရန်ကုန်မြို့သို့လည်းကောင်း၊ စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်ရှိ အခြားမြို့များသို့ လည်းကောင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

## ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း(လမ်းသစ်)တွင် ပေ ၁၈၀ အထက် တံတားလေးစင်းဖြစ်သည့် တောဖျားတံတား၊ စံမတီတံတား၊ ထွန်းရဝေတံတား၊ ရသေ့တောင်တံတားတို့အား အောက်ခြေအုတ်မြစ်ကို သံကူ ကွန်ကရစ်ပိုင်တိုင်များဖြင့်လည်းကောင်း၊ အပေါ်ထည်ကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများအဖြစ်လည်းကောင်း တည်ဆောက်မည်ဖြစ်သည်။ လမ်းအကျယ် ၂၄ ပေ၊ လမ်းတစ်ဖက်စီတွင် လူသွားလမ်း သုံးပေစီပါဝင်သည်။ အဆိုပါလမ်းပြီးစီးသွားပါက ရသေ့တောင်မြို့မှ ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ပုဏ္ဏားကျွန်းမြို့နှင့် နိုင်ငံတစ်ဝန်းလုံးသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်ချောမွေ့စေမည်ဖြစ်သည်။

ကျောက်တော်-ပလက်ဝလမ်း(လမ်းသစ်)တွင် တည်ဆောက်ရမည့် ပေ ၁၈၀ အထက် တံတားလေးစင်းအနက် ကုလားတန်မြစ်ကူး(ပလက်ဝ) တံတားအား အောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ်ပိုင်တိုင်ဖြင့်လည်းကောင်း၊ အပေါ်ထည်ကို နှစ်လမ်းသွားသံပေါင်ကြိုးတံတားအဖြစ်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်တံတားသုံးစင်းဖြစ်သော မီးချောင်းတံတား၊ သဲမချောင်းတံတား၊ နမဒါချောင်းတံတားတို့အား တံတားအောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ်တိုင်များဖြင့်လည်းကောင်း၊ တံတားအပေါ်ထည်ကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများအဖြစ်လည်းကောင်း တည်ဆောက်မည်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက ပလက်ဝမြို့မှ ကျောက်တော်မြို့သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ရန်ကုန်-စစ်တွေလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးသို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

## ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်း

မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယခင် တည်ဆောက်ထားသော ယော(ကံတွင်း)တံတားမှာ ၂၀၁၀ ခုနှစ်၊ မိုးရာသီအတွင်း ဂီရိမုန်တိုင်းဒဏ်ကြောင့် မျောပါပျက်စီးခဲ့သဖြင့် တံတားသစ် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါတံတားသည် အရှည်ပေ ၇၂၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးခွင့်ပြုတန် ၇၅ တန်ဖြစ်သည်။ အဆိုပါတံတား ပြီးစီးသွားပါက ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလျင်မြန်လာစေမည်ဖြစ်ပြီး ဒေသတွင်းပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကိုပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးသန်းအောင်အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အခွန်အယူခံ ခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## လမ်း

မြန်မာနိုင်ငံတစ်ဝန်းတွင် ၁၉၈၈ ခုနှစ်က မြေသားလမ်းနှင့် ကျောက်လမ်း ၈၀၉၂ မိုင်၊ ကတ္တရာလမ်း ၅၅၄၃ မိုင်နှင့် လမ်းအရှည် စုစုပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ လမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့မှုကြောင့် ယခုအခါ မြေသားနှင့် ကျောက်လမ်း ၁၁၀၁၈ မိုင်၊ ကတ္တရာလမ်း ၁၀၃၄၃ မိုင်နှင့် လမ်းအရှည်စုစုပေါင်း ၂၁၃၆၁ မိုင် ရှိလာပြီဖြစ်သည်။

## တံတား

ထို့အပြင် နိုင်ငံတစ်ဝန်း၌ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အောက် တံတား ၃၃၀၅ စင်းနှင့် ပေ ၁၈၀ အထက်တံတား ၁၉၈ စင်းသာရှိခဲ့ရာမှ ယခုအခါ ပေ ၁၈၀ အောက်တံတား ၆၆၂၀ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၄၆၃ စင်း ရှိလာခဲ့သဖြင့် လမ်း၊ တံတားများမှာ ယခင်ကထက် သိသိသာသာ တိုးတက်များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ **(သတင်းစဉ်)**

- မြန်မာနိုင်ငံတစ်ဝန်းတွင် ၁၉၈၈ ခုနှစ်က မြေသားလမ်းနှင့် ကျောက်လမ်း ၈၀၉၂ မိုင်၊ ကတ္တရာလမ်း ၅၅၄၃ မိုင်နှင့် လမ်းအရှည် စုစုပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ လမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့မှုကြောင့် ယခုအခါ မြေသားနှင့် ကျောက်လမ်း ၁၁၀၁၈ မိုင်၊ ကတ္တရာလမ်း ၁၀၃၄၃ မိုင်နှင့် လမ်းအရှည်စုစုပေါင်း ၂၁၃၆၁ မိုင် ရှိလာပြီ။
- ထို့အပြင် နိုင်ငံတစ်ဝန်း၌ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အောက် တံတား ၃၃၀၅ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၁၉၈ စင်းသာရှိခဲ့ရာမှ ယခုအခါ ပေ ၁၈၀ အောက် တံတား ၆၆၂၀ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၄၆၃ စင်း ရှိလာခဲ့သဖြင့် လမ်း၊ တံတားများမှာ ယခင်ကထက် သိသိသာသာ တိုးတက်များပြား လာသည်ကို တွေ့ရှိရမည်။

## စစ်တောင်းတံတား(မုပ္ပလင်)

**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တို့အကြား ပေါင်းကူးဆက်သွယ်ပေးထားသည့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတား (မုပ္ပလင်)ကို ဤသို့ တွေ့ရသည်။**

# မိုဘိုင်းလ်ဖုန်း ငါးနှစ်အတွင်း လိုင်းအင်အား သန်း(၃၀) တိုးချဲ့တပ်ဆင်နိုင်ရေး

## မြန်မာ့ဆက်သွယ်ရေးနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

**နေပြည်တော် ဧပြီ ၂၂**

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက နိုင်ငံတော်၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တယ်လီဖုန်းသုံးစွဲမှု မြင့်မားလာစေရေးအတွက် ငါးနှစ်စီမံကိန်းဖြင့် မိုဘိုင်းလ်ဖုန်းစနစ် လိုင်းသန်း (၃၀)တိုးချဲ့တပ်ဆင်နိုင်ရေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ဒေသအုပ်ချုပ်ရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌ ဆက်သွယ်မှုလွယ်ကူစေရန် ရည်ရွယ်၍ ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်တယ်လီဖုန်း ဆက်သွယ်မှုလုပ်ငန်းကို တိုးချဲ့တပ်ဆင်ခဲ့ရာ ယခုအချိန်တွင် တစ်နိုင်ငံလုံးတယ်လီဖုန်း သိပ်သည်းဆ (Telephone Density)မှာ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တယ်လီဖုန်း Density တိုးတက်စေရန်အတွက် အချိန်တိုအတွင်း မိုဘိုင်းလ်ဖုန်းစနစ် တိုးချဲ့တပ်ဆင်နိုင်ရန်အတွက် ဝန်ကြီးဌာနက လုပ်ငန်းပိုင်း၊ နည်းပညာပိုင်းဆိုင်ရာအဖွဲ့ဖြင့် စနစ်တကျလေ့လာ ဆွေးနွေးမှုများအရ GSM မိုဘိုင်းလ်စနစ် တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းအား စီမံကိန်းကာလ ငါးနှစ်အတွင်း လိုင်းအင်အား သန်း (၃၀) အထိ တိုးချဲ့တပ်ဆင်ရန် စီမံကိန်းရေးဆွဲ၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

| စဉ် | စီမံကိန်းနှစ် | တိုးချဲ့တပ်ဆင်မည့် GSM Mobile ဖုန်းလိုင်းအင်အား | တည်ရှိလာမည့် တယ်လီဖုန်း သိပ်သည်းဆ |
|---|---|---|---|
| ၁ | ပထမနှစ် | လိုင်း(၄)သန်း | ၁၀.၃% |
| ၂ | ဒုတိယနှစ် | လိုင်း(၅)သန်း | ၁၈.၃% |
| ၃ | တတိယနှစ် | လိုင်း(၆)သန်း | ၂၇.၇% |
| ၄ | စတုတ္ထနှစ် | လိုင်း(၇)သန်း | ၃၈.၅% |
| ၅ | ပဉ္စမနှစ် | လိုင်း(၈)သန်း | ၅၀.၆% |

ထို့ပြင် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးကဏ္ဍအား စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်နှင့် အာကာသနည်းပညာဆိုင်ရာများ ရရှိပြန့်ပွားစေရေးကို ရည်ရွယ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပိုင်ဆိုင်သော ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံး လွှတ်တင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အဆိုပြုအစီအစဉ်ကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ပြည်တွင်းဆက်သွယ်မှု ချောမွေ့သည်သာမက ကမ္ဘာတစ်ဝန်းသို့ပင် ပြောဆိုဆက်သွယ်နိုင်သည့် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အော်တိုအိတ်ချိန်းရုံးနှင့် မိုဘိုင်းလ်တာဝါတိုင်ကို ဤသို့ တွေ့ရသည်။

**မြန်မာနိုင်ငံ၏ တယ်လီဖုန်း Density တိုးတက်စေရန်အတွက် အချိန်တိုအတွင်း မိုဘိုင်းလ်ဖုန်းစနစ် တိုးချဲ့တပ်ဆင်နိုင်ရန်အတွက် ဝန်ကြီးဌာနက လုပ်ငန်းပိုင်း၊ နည်းပညာပိုင်းဆိုင်ရာ အဖွဲ့ဖြင့် စနစ်တကျလေ့လာ ဆွေးနွေးမှုများအရ GSM မိုဘိုင်းလ်စနစ် တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းအား စီမံကိန်းကာလ ငါးနှစ်အတွင်း လိုင်းအင်အား သန်း (၃၀) အထိ တိုးချဲ့တပ်ဆင်ရန် စီမံကိန်းရေးဆွဲ။**

### အော်တိုအိတ်ချိန်းနှင့် မိုဘိုင်းလ်တာဝါတိုင်

နေပြည်တော်ရှိ အော်တိုအိတ်ချိန်းနှင့် မိုဘိုင်းလ်တာဝါတိုင်ကို တွေ့ရစဉ်။

# ပြည်ပမှဝယ်ယူတင်သွင်းနေသည့် ထုတ်ကုန်ပစ္စည်းပုံစံအမျိုးမျိုး ပြည်တွင်း၌ အမြန်တိုးမြှင့်ထုတ်လုပ်သွားရန် ဖော်ဆောင်

## စက်မှုသင်တန်းကျောင်းများ ဖွင့်ပြီး ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေး

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၂၂**

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၏ အစိတ်အပိုင်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့် အခြေအနေမှ ထုတ်ကုန်ပစ္စည်းပုံစံအမျိုးမျိုးအတွက် ပြည်တွင်း၌ အမြန်တိုးမြှင့် ထုတ်လုပ်သွားရန် လိုအပ်သည့်ပုံကို စနစ်တကျ ပုံစံချ၍ ပုံသွင်းထုတ်လုပ်ပေးနိုင်သည့် အဆင့်မြင့်နည်းပညာသုံး Automobile Mould & Die, Jigs & Fixture များအား တစ်နှစ်လျှင် အစုံ ၁၀၀၀ ထုတ်လုပ်မည့် စီမံကိန်း၊ လူစီးမော်တော်ယာဉ်အမျိုးမျိုးနှင့် ကုန်တင်ယာဉ်အမျိုးမျိုးတို့ဖြစ်သည့် Light Truck, Medium Truck, Heavy Truck, Super Heavy Truck နှင့် Commercial Vehicle တို့၏ Axle အမျိုးမျိုးကို တစ်နှစ်လျှင် အစုံ ၁၀၀၀၀ နှင့် ၄င်းတို့နှင့် တွဲဖက်အသုံးပြုရမည့် စက်ပစ္စည်း အစိတ်အပိုင်းများကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် အဆိုပါ စီမံကိန်းများကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ရွာသာရွာဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် စက်မှုသင်တန်းကျောင်း လေးကျောင်းကို ဆင်တဲ၊ မန္တလေး၊ သာဂရနှင့် ပခုက္ကူတို့တွင် ဖွင့်လှစ်ထားပြီး ယင်းသင်တန်းကျောင်းများမှ ကျွမ်းကျင်လုပ်သား ၇၅၀ ခန့် မွေးထုတ်ပေးလျက် ရှိကြောင်းနှင့် ယခုအခါ အိန္ဒိယသမ္မတနိုင်ငံ အစိုးရ၏ အထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း (Industrial Training Center) ထပ်မံ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ်တို့အား ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

**စက်မှုသင်တန်းကျောင်း (သာဂရ)ကို တွေ့ရစဉ်။**

**စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် စက်မှုသင်တန်းကျောင်း လေးကျောင်းကို ဆင်တဲ၊ မန္တလေး၊ သာဂရနှင့် ပခုက္ကူတို့တွင် ဖွင့်လှစ်ထားပြီး ယင်းသင်တန်းကျောင်းများမှ ကျွမ်းကျင်လုပ်သား ၇၅၀ ခန့် မွေးထုတ်ပေးလျက်ရှိ။**

**လက်တွေ့လုပ်ငန်းဆောင်ရွက်**

စက်မှုသင်တန်းကျောင်းသားများ လက်တွေ့လုပ်ငန်းဆောင်ရွက်စဉ်။

အမှတ်(၂) စက်မှု ဝန်ကြီးဌာန မြေထိုး၊ မြေတူး ယန္တရားထုတ်လုပ်မှု စက်ရုံ(သာဂရ)မှ ထုတ်လုပ်ပေးလျက် ရှိသော အရည်အသွေးမီ အသင့်အသုံးပြုနိုင်သည့် သုံးတန်ဝန်ပင့်ယာဉ်နှင့် မြေတူးယန္တရားတို့ကို တွေ့ရစဉ်။

# ပြည်ထောင်စုအဆင့်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုရှိမှသာ လုပ်ငန်းများအောင်မြင်နိုင်မည်

❖ *ရွှေဖုံးမှ*

အဆိုပါ အစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် **မိမိတို့ ယနေ့ကျင့်သုံးသည့် စနစ်သစ်အရ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများလည်း အသီးသီးရှိနေကြပြီဖြစ်၍ တိုင်းပြည် တည်ဆောက်ရေးတာဝန်များကို အသီးသီး ခွဲဝေတာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

## ကြိုးပမ်းဆောင်ရွက်

ယနေ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်အောင်၊ ခေတ်နောက်ကျမကျန်ရစ်ရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတများ ရှိပါလျက်နှင့် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသယံဇာတ၊ သဘာဝသယံဇာတများကို ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချပြီး အိမ်နီးချင်းနိုင်ငံများကဲ့သို့ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုင်းပြည်ကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်မှသာ မြန်မြန်တိုးတက်မည်ဖြစ်ကြောင်း။

## မြန်မြန်အကျိုးခံစားရမည်

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့လက်ထက်တွင် ၂ နှစ်၊ ၃ နှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်ပြီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းများ မြန်မြန်ပြီးမြောက်မှသာ ပြည်သူလူထုအနေဖြင့် မြန်မြန်အကျိုးခံစားကြရမည်ဖြစ်ကြောင်း။

နိုင်ငံသားများ၏ စားဝတ်နေမှုပြည့်စုံဖူလုံရေးအတွက် လယ်ယာကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ပထမအဆင့်အဖြစ် လယ်ယာထွက်ကုန်ပစ္စည်းများကို လက်ရှိပြည်တွင်းစားသုံးရန် ပြည့်စုံဖူလုံအောင် ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး ဒုတိယ အဆင့်အဖြစ် ပြည်ပသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## လျာထားချမှတ်

စိုက်ပျိုးရေးကဏ္ဍတွင် ရေသည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ရေရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေသော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရေမရရှိသေးသည့် နေရာဒေသများတွင်လည်း စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆည်သစ်၊ တမံသစ်၊ မြစ်ရေတင်လုပ်ငန်းအသစ်များကို အထူးစီမံကိန်း လုပ်ငန်းကြီးများအဖြစ် လျာထားချမှတ်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

မြေရှိလျှင် အလုပ်ရှိရမည်။ ရေရှိလျှင် အလုပ်ရှိရမည်ဆိုသော ခံယူချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာအောင် ဖန်တီးဖော်ဆောင်ပေးပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးချကာ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## စီမံလုပ်ကိုင်

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေ ဆောင်ရွက်ကြရမည့် တချို့သော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများ၊ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ မဟာဗျူဟာ လမ်းကြောင်းရက်များဖြစ်သည့် မီးရထားလမ်း၊ မော်တော်ကားလမ်းစသော မဟာဗျူဟာလမ်းများသည် ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ်ပြီး အချိန်ယူဆောင်ရွက်ကြရမည့် လုပ်ငန်းကြီးများဖြစ်သည့်အတွက် အထူး စီမံကိန်းကြီးများ စာရင်းတွင် ထည့်သွင်းပြီး ပြည်ထောင်စုအစိုးရအဆင့်မှ စီမံလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

**လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု Co-operation၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု Co-ordination ရှိမှသာ အောင်မြင်နိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုသော တူညီသည့် ရည်မှန်းချက်ထားပြီး အထက်နှင့်အောက်၊ ဘေးတိုက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း**ဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က မိမိတို့ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့က လမ်း၊ တံတား၊ လျှပ်စစ်၊ ပညာရေးစသည်တို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းမှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



လူစီးမော်တော်ယာဉ်များအတွက် ရေဒီယယ်တာယာများ ထုတ်လုပ်ပေးလျက်ရှိသည့် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း) မြင်ကွင်းကို ဤသို့ တွေ့ရသည်။

# မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နိုင်ငံခြားကုမ္ပဏီများ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး ဆောင်ရွက်မည်

## ရေနံဓာတုဗေဒစက်ရုံ (သံပုရာကန်) ပြန်လည်မွမ်းမံပြင်ဆင်ရေး အကောင်အထည်ဖော်

**ရှင်းလင်းတင်ပြ**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၂

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Ltd. (NPCC) တို့ ကုန်းပိုင်းလုပ်ကွက် F(ငလျှင်တွင်းဒေသ)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စင်ကာပူနိုင်ငံ SNOG Pte.,Ltd. နှင့် UPR Pte., Ltd. ကုမ္ပဏီတို့ ကရင်ပြည်နယ် မဲပလေဒေသအတွင်း ယေ့လကျောက် ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်မည့်အခြေအနေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယား သမ္မတနိုင်ငံ Korea Myanmar Development Co.,Ltd. (KMDC) နှင့် Brilliant Oil Corporation Pte., Ltd. (BOC) တို့ ရခိုင်ကမ်းလွန်လုပ်ကွက် A-5 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ ရခိုင်ကမ်းလွန်လုပ်ကွက် A-7 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co.,Ltd. (KMDC) နှင့် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte., Ltd. (BOC) တို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ တနင်္သာရီကမ်းလွန်လုပ်ကွက် M-15 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co.,Ltd. (KMDC) နှင့် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte., Ltd. (BOC) တို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေနှင့် တနင်္သာရီကမ်းလွန်လုပ်ကွက် M-16 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co.,Ltd. (KMDC) နှင့် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte., Ltd. (BOC) တို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများနှင့် စာချုပ်များချုပ်ဆိုမည့် အခြေအနေ၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းအောက်ရှိ ရေနံဓာတုဗေဒစက်ရုံ(သံပုရာကန်) ပြန်လည်မွမ်းမံပြင်ဆင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

**တနင်္သာရီကမ်းလွန်လုပ်ကွက် M-16 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co.,Ltd. (KMDC) နှင့် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte., Ltd. (BOC) တို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်။**

ရေနံဓာတုဗေဒ စက်ရုံစု (သံပုရာကန်) ။

ရေနံဓာတုဗေဒ စက်ရုံစု (သံပုရာကန်) တည်နေရာပြပုံ။

## ရှင်းလင်းတင်ပြချက်များ ဆက်လက်ဖော်ပြသွားမည်

နေပြည်တော် ဧပြီ ၂၂

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၏ မိမိတို့ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

**ညအိပ်ရာဝင်ချိန်မီးသတိပေးနှိုးဆော်ချက်**

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများ နှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ မီးသတ်ဦးစီးဌာန။

○ **ကျောဖုံးမှ**

ဈေးရုံကြီးများရှေ့ ကားရပ်ရာ ဝင်းအတွင်း၌ ကုန်တင်ခြောက်ဘီး ကားကြီးများ ကုန်အပြည့်ဖြင့် ရပ်နားထားသည်ကို တွေ့မြင်လိုက်ရသည်။ ပန်းဂေါ်ဖီထုပ်များ တင်ဆောင်ထားသည့် ကားကြီး အနီးသို့ သွားရောက်ပြီး စပ်စုကြည့်မိသည်။

**ပြောပြပေး**

ကုန်သည်ကြီး ဦးသန်းဦးက ''ဒီပန်းဂေါ်ဖီထုပ်တွေက ပြင်ဦးလွင်က တင်ဆောင်လာတာပါ၊ ဧပြီလဆန်းလောက်က စဝင်နေတာပါ။ မေလဆန်းလောက်အထိမပြတ်တမ်း ဝင်နေဦးမှာပါ''ဟု ပြောပြပေးသည်။

ခြောက်ဘီးကားကြီးတစ်စီးလျှင် ဂေါ်ဖီထုပ် ၃၅၀၀ ခန့်နှင့် ပန်းဂေါ်ဖီ(ရှမ်းပန်း) ၂၀၀၀ ခန့် တင်ဆောင်လာလျက်ရှိပြီး သီရိမင်္ဂလာဈေးသစ်ကြီးဆီသို့ နေ့စဉ်ကားအစီးရေ ၂၀ မှ ၃၀ ကြားဝင်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီ (ရှမ်းပန်း)များကို ဈေးနှုန်းချိုသာစွာဖြင့် လှိုင်လှိုင်စားသုံးနေကြပြီ ဖြစ်သည်။

ဈေးကြီးအတွင်း၌ ပေါ်ဦး ပေါ်ဖျား ရာသီစာအဖြစ် ဒူးရင်းသီးများကိုလည်း သွားရည်ယိုဖွယ်အဖြစ် တွေ့မြင်လိုက်ရပြန်သည်။ ဈေးအရောင်းအဝယ်စကားပြောနေသော ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ဓာတ်ပုံရိုက်ယူရင်း မေးကြည့်ရာ ဆိုင်ရှင်က ''ယခုရက်ပိုင်းမှာ ယိုးဒယားသီးနဲ့ မလေးရှားသီးတွေ စဝင်နေပါပြီ၊ မေလဆန်းမှာ မြန်မာသီးတွေဝင်လာတော့မှာပါ''ဟု ပြောပြသည်။

ရာသီစာ ဒူးရင်းသီးကို ဝယ်ယူသူတို့ ဤသို့ ကြိုက်ရွေး ဈေးဆစ် ဝယ်ယူနေကြစဉ်။

**စုံစမ်းသိရှိ**

ယိုးဒယားဒူးရင်းသီးမှာ မြဝတီမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့ စတင်ဝင်ရောက်နေပြီဖြစ်သည်။ သီရိမင်္ဂလာဈေးသစ်ကြီးအတွင်းသို့ ဟိုင်းလက်ကား ခြောက်စီးမှ ဆယ်စီးခန့် တစ်ရက်ခြား ဝင်လျက်ရှိနေကြောင်း သိခွင့်ရခဲ့သည်။ ပေါ်စဦးဖြစ်၍ ဈေးကလည်း ကောင်းလှသည်။ ယိုးဒယားအသီးတစ်လုံးလျှင် အသေးအကြီးလိုက်၍ ငွေကျပ် ၈၀၀၀မှ ငွေကျပ် ၁၂၀၀၀ အကြားရှိသည်။ မလေးရှားအသီး တစ်လုံးလျှင် ငွေကျပ် ၃၀၀၀မှ ငွေကျပ် ၅၀၀၀ အကြားရှိပြီး၊ မေလဆန်းတွင် ဝင်လာမည့် မြန်မာဒူးရင်းသီး ဈေးနှုန်းက တစ်လုံးလျှင် ငွေကျပ် ၁၀၀၀မှ ငွေကျပ် ၃၀၀၀ အကြား ရှိနိုင်ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

**ပြောကြား**

မြန်မာတို့ ထမင်းဝိုင်းတွင် အတို့အမြုပ်ကောင်း တစ်ခုဖြစ်သည့် တညင်းသီးများကိုလည်း ဈေးကြီးအတွင်း စတင်မြင်တွေ့လိုက်ရသဖြင့် ပွဲစားကြီး ဦးပြားကို မေးကြည့်ရာ ''အခုပေါ်နေတဲ့ တညင်းသီးက ထားဝယ်၊ ကလိန်အောင်၊ ကန်ပေါက်က ထွက်တဲ့ အသီးပါ၊ လိုင်းကား၊ ကုန်ကားလေးတွေနဲ့ စတင်ဝင်နေပါပြီ၊ တစ်နေ့ကို နှစ်တင်းဝင်အိတ်နဲ့ အိတ် ၁၀၀ခန့် ဝင်နေပါတယ်''ဟု ပြောကြားသည်။

**တညင်းသီး**

ဈေးကြီးအတွင်းသို့ တညင်းသီးများ ဧပြီလမှသည် ဇွန်လအထိ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ဝန်းကျင်မှ လည်းကောင်း၊ ဇွန်လမှ ဇူလိုင်လအထိ ရခိုင်ပြည်နယ်မြို့များမှလည်းကောင်း၊ ဇူလိုင်လမှ ဩဂုတ်လအထိ ကချင်ပြည်နယ် မြစ်ကြီးနား မြို့ဝန်းကျင်နှင့် ရှမ်းပြည်နယ် တစ်ကြောမှ လည်းကောင်း လအလိုက်စီးဝင်လျက်ရှိရာ ပေါ်ဦးပေါ်ဖျား ရာသီသီးနှံ ကုန်စည်ဈေးကွက်သတင်းအဖြစ် ဖော်ပြရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြင်ဦးလွင်ထွက် ပန်းဂေါ်ဖီ(ရှမ်းပန်း)များကလည်း သီရိမင်္ဂလာဈေးသစ်ကြီးသို့ ဤသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိနေသည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၁၁ (စနေနေ့ )

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဓမ္မစကြာသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ကမ္ဘဗလ** တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၀)
- ၈:၅၀ Sai Sai Birthday Show (Part-5)
- ၉:၅၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၂၀ အထက (၁) လပွတ္တာ ဒုတိယ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ
- ၁၀:၄၀ သွားမယ်စားမယ် (AD Garden)
- ၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Nelc, Niec, Boston ကျောင်းများရဲ့ Summer Festival)
- ၁၁:၂၅ တစ်နေ့ရာတည်းပြီးပြည့်စုံစေမှာ… Ginger
- ၁၁:၄၅ Activities in the City (Strepsils Cool မိတ်ဆက်ပွဲ)
- ၁၁:၅၅ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
- ၁၂:၂၀ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
- ၁၂:၄၀ ဥတ်ဖိုတောရမဟာစည် သာသနာ့ရိပ်သာ
- ၁:၀၀ **ကမ္ဘဗလ** တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ MNL Preview
- ၂:၅၀ စိတ်ကူးအိပ်မက်အနာဂတ်အတွက် YIUS
- ၃:၀၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီ ဦးအောင်ခိုင်) (အပိုင်း-၂)
- ၃:၃၅ ဝ တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
- ၃:၅၀ ရန်ကုန်မြင်ကွင်းကျယ် (၂၁ ရာစုနှစ်ရဲ့ အထူးခြားဆုံးသော ထိရောက်သည့် ကြော်ငြာခြင်း စီမံခန့်ခွဲမှုသင်တန်း)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၀)
- ၅:၀၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၂)
- ၅:၃၀ ဂဏန်းသချာ်ပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၃)
- ၇:၁၀ Sai Sai Birthday Show (Part-6)
- ၈:၀၀ MRTV-4 သတင်း
- ၈:၂၅ **Barclays Premier League (Tottenham Vs West Bromwich)**
- ၁၀:၂၅ Kid's Show
- ၁၀:၅၅ **Barclays Premier League (Chelsea Vs West Ham)**
- ၁၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၁)
- ၁:၄၅ ပကတိအတိုင်း
- ၂:၀၅ ဝင့်ကြွားအားမာန် ကတိုက်တမံ
- ၂:၁၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် သားညီနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၂:၄၀ **အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၂:၅၅ ပန်းပေါင်းစုံပွင့်ထုံကြိုင်သင်း… မြို့ကျောက်မဲ၏ ဂုဏ်သတင်း
- ၃:၁၅ World of Knowledge (Martian Robots)
- ၄:၀၀ ရေဆန်စီးတဲ့မြစ်
- ၄:၃၅ ဆင်စွယ်ပန်းပုအခြေပြု လှူလောကကိုအလှဆင်မည်
- ၄:၅၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဖိနှစေတီ
- ၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၁၀ | Man U-Everton | ESPN (Live) |
| ၈:၂၅ | Liverpool - Birmingham | ESPN (Live) |
| | Tottenham - West Bromwich | STAR SPORTS (Live) |
| ၁၀:၅၅ | Chelsea - West Ham | ESPN (Live) |
| ၁၁:၀၀ | Aston Villa - Stoke City | STAR SPORTS (SDD) |

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၄-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ **ကျန်းမာသန့်ထွား ဉာဏ်မြင့်မား**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ အကပြိုင်ပွဲ

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၄။ **Yan Can Cook**
- ၁၂:၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၃၅)
- ၁၃:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၃:၁၅ ၇။ **ပုလဲမြို့နယ်အတွင်းမှ ရွှေအိုရောင်မြင်ကွင်း**
- ၁၃:၂၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၁၃:၄၅ ၉။ **သာယာရွှေပြည်တို့နေပြည်** ဖြိုးငွေစိုး၊အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊မော့စ်၊ဗေလုဝ၊ ရက်တယ် ဒါရိုက်တာ-စင်ရော်မောင်မောင်
- ၁၄:၃၅ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၁၄:၄၅ ၁၁။ အဆိုပြိုင်ပွဲ
- ၁၄:၅၀ ၁၂။ International News

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၂၅ ၃။ **သီတတ်စေသော်** အောင်ဆန်းဦး၊ စောအောင်အောင်၊ အိချောပို၊ သင်းသင်းထက် ဒါရိုက်တာ-ညီလှဘော်၊ ဉာဏ်လင်းအောင်၊ သိမ့်သဥ္ဇာလင်း (ယဉ်ကျေးမှု)
- ၅:၁၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (မြန်မာစာ၊မြန်မာမှုပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင်၊ သမိုင်း အထူးပြုများ) (သမိုင်း)
- ၅:၃၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၅ ၆။ တေးဂီတအစီအစဉ်
- ၅:၄၅ ၇။ **ကူးလူးဆက်သွယ်အကျိုးများ ရောဝတီတံတား(ပခုက္ကူ)**
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၃၅ ၁၁။ ယဉ်တစ်ကိုယ်မယ် (ခင်နန်းထိုက်)
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၄)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၇)
- ၁၇။ မြန်မာရုပ်ရှင် **ညှော့သည်** (အပိုင်း-၁) သုမောင်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ ဒါရိုက်တာ-မောင်နန္ဒ
- ၁၈။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၁၉။ အစီအစဉ်ပြီး၏။

| ထူးခြားသည့် နေ့အပူချိန် ၂၂-၄-၂၀၁၁ | |
|---|---|
| ချောက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဓောင်းတူမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ် မိုးရေချိန်များ

၂၂-၄-၂၀၁၁

| | |
|---|---|
| ပြင်ဦးလွင်မြို့ | ၂ ဒသမ ၂၁ လက်မ |
| နမ့်စန်မြို့ | ၀ ဒသမ ၆၃ လက်မ |
| မင်းတပ်မြို့ | ၀ ဒသမ ၆၃ လက်မ |
| ပြည်မြို့ | ၀ ဒသမ ၄၃ လက်မ |
| လားရှိုးမြို့ | ၀ ဒသမ ၃၂ လက်မ |
| ဂန့်ဂေါမြို့ | ၀ ဒသမ ၃၂ လက်မ |

## အထက(၁) ပြင်ဦးလွင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

အထက(၁) ပြင်ဦးလွင်၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အဆိုပါကျောင်းရှိ ဧရာဝတီခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ၁၉၇၈ ခုနှစ် န၀မတန်း၊ ၁၉၇၉ ခုနှစ် ဒသမတန်း ကျောင်းသူ ကျောင်းသားများအနေဖြင့် အလှူငွေပစ္စည်းများ လှူဒါန်းလိုပါက ဦးခင်ဇော်(ဈေးကြီး) ဖုန်း-၀၉-၂၀၄၅၇၄၆၊ ဦးကျော်ဦး ဖုန်း-၀၉-၂၀၄၄၀၇၇၊ ဦးခင်ဇော်(ရွှေမန်း) ဖုန်း-၀၉-၄၇၁၂၉၂၄၀၊ ဦးတင်လတ် ဖုန်း-၀၉-၂၀၄၄၃၈၂၊ ဦးအောင်ကြည် ဖုန်း-၀၉-၂၀၄၄၁၀၃၊ ဦးအောင်ဇော် ဖုန်း-၀၉-၄၇၁၃၀၃၈၇၊ ဦးစိုးနိုင် ဖုန်း-၀၈၅-၂၂၆၅၃ Ext-၃၁၇၊ ဒေါ်စန်းစန်းယု ဖုန်း-၀၈၅-၂၂၆၅၃ Ext-၂၅၄၊ ဦးတင်ထွန်းအောင် ဖုန်း-၀၈၅-၂၂၆၅၃ Ext-၃၃၇၊ ဒေါ်လွင်လွင်ဦး ဖုန်း-၀၉-၅၁၉၁၆၂၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ယင်းနေ့ ညနေ ၆ နာရီတွင် ကန်တော်လေးအဝိုင်း Wood Land စားသောက်ဆိုင်တွင် ညစာစားပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၀၅၆)

**မီးမှန်သမျှ သုံးတတ်က မချမ်းသာ စဉ်ကင်းဝေး**



ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ပဒုမ္မာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။

(မြို့နယ် ပြန်/ဆက်)

## ချီကာဂိုမြို့ဝန်းကျင်၌ မိုးသည်းထန်စွာရွာသွန်း လေယာဉ်ခရီးစဉ် ၄၈၀ ကျော် ဖျက်သိမ်းရ

ချီကာဂို ဧပြီ ၂၂

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ဝန်းကျင်တွင် မိုးသည်းထန်ပြီး လေပြင်းများတိုက်ခတ်နေသဖြင့် အိုဟာရေးနှင့် မစ်ဝေးနိုင်ငံတကာလေဆိပ်များတွင် စုစုပေါင်း လေယာဉ်ခရီးစဉ် ၄၈၀ ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း အမေရိကန် လေကြောင်းအရာရှိများက ဧပြီ ၂၁ ရက်၌ ပြောကြားသည်။

**ဖျက်သိမ်း**

ဧပြီ ၂၀ ရက်မှ စတင်က မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းနေသဖြင့် အိုဟာရေးလေဆိပ်တွင် လေကြောင်းခရီးစဉ် ၄၅၀နှင့် မစ်ဝေးလေဆိပ်**(အပေါ်ပုံ)**၌ လေကြောင်းခရီးစဉ် ၃၀ ကျော်ကို ဖျက်သိမ်းခဲ့ရသည်။

တချို့ လေကြောင်းလိုင်းများမှ လေယာဉ်အချို့မှာ သတ်မှတ်ပျံသန်းချိန်ထက် မိနစ် ၃၀ ခန့်နောက်ကျပြီး ခရီးစဉ်များ ပျံသန်းခဲ့ရသည်။ မိုးလေဝသဌာနမှ သတင်းပေးပို့ချက်အရ လေဆိပ်တာဝန်ရှိသူများက မိုးများဆက်လက် ရွာသွန်းနိုင်ကြောင်း ပြောကြားခဲ့သည်။

**စံချိန်ချိုး**

ထို့အတူ အိုဟာရေးနိုင်ငံတကာလေဆိပ်တွင် ဆီးနှင်းများလည်း အမြင့်ခြောက်လက်မခန့် ထူထပ်စွာကျဆင်း လျက်ရှိကြောင်း၊ ၁၉၁၀ ခုနှစ် ဧပြီ ၁၈ ရက်က စံချိန်တင် ကျဆင်းခဲ့သည့် နှင်းထု လေးလက်မခန့်ကို ယခု နှင်းကျမှုက စံချိန်ချိုးနိုင်ခဲ့ကြောင်း သိရှိရသည်။ **(အင်တာနက်)**

## တရုတ်၌ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ သန်းခြောက်ရာကျော်အထိရှိ

ပေကျင်း ဧပြီ ၂၂

**တရုတ်နိုင်ငံ ကျေးလက်ဒေသများတွင် ဖုန်းသုံးစွဲသူအရေအတွက် တိုးလာပြီးနောက် တရုတ်နိုင်ငံအတွင်း မိုဘိုင်းလ်ဖုန်းသုံးစွဲသူဦးရေ သန်းခြောက်ရာကျော်ရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့အကြီးဆုံးမိုဘိုင်းလ်ဖုန်းထုတ်လုပ်သည့် ချိုင်းနားမိုဘိုင်းလ်ကုမ္ပဏီက ဧပြီ ၂၁ရက်တွင် ပြောကြားသည်။**

ကြိုးစားလျက်ရှိ

**ပြီးခဲ့သည့် ဇန်နဝါရီလနှင့် မတ်လအကြား မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ဦးရေ ၁၆ ဒသမ ၈ သန်း ထပ်မံတိုးလာခဲ့ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။ တရုတ်မိုဘိုင်းလ်ဖုန်းကုမ္ပဏီများသည် မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ဝင်ငွေများ တိုးပွားရေး ကြိုးစားလျက်ရှိသည်။**

(အင်တာနက်)

## ပါကစ္စတန်နိုင်ငံ အိန္ဒုမြစ်အတွင်း ရဟတ်ယာဉ်တစ်စင်းပျက်ကျ

**အစ္စလမ္မာဘတ် ဧပြီ ၂၂**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ခန့်အကွာ ဆီဝမ်မြို့ အိန္ဒုမြစ်အတွင်းသို့ လူခြောက်ဦးလိုက်ပါလာသည့် ပုဂ္ဂလိက ရဟတ်ယာဉ်တစ်စင်း ဧပြီ ၂၀ရက်က ပျက်ကျခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အောက်ပုံ)**

စက်ချွတ်ယွင်းသဖြင့် ဆီဝမ်မြို့အတွင်း မြစ်ကမ်းပါးတွင် ဆင်းသက်ရန် ရဟတ်ယာဉ်မောင်းသူက ကြိုးပမ်းစဉ် မြစ်အတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်သည်ဟု သတင်းများ၌ ဖော်ပြထားသည်။

ပျက်ကျပြီးနောက် ရဟတ်ယာဉ်မှာ မီးလောင်ခဲ့ကြောင်း သိရသည်။ သို့သော် ရေထဲကျသဖြင့် မီးငြိမ်းသွားခဲ့ကြောင်း၊ လောလောဆယ်တွင် ထိခိုက်သေဆုံးမှုသတင်းများ မရရှိသေးကြောင်း သိရသည်။

**(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

❖❖ မိုးမြင့်လင်းလက် ➤ စုစည်းသည် ❖❖

## အမေရိကန် မောင်းသူမဲ့လေယာဉ်များ ပစ်ခတ်တိုက်ခိုက်မှု ပါကစ္စတန် ၂၅ဦးသေဆုံး

**အစ္စလမ္မာဘတ် ဧပြီ ၂၂**

အာဖဂန်နစ္စတန်နယ်စပ် ပါကစ္စတန်လူမျိုးစုဒေသ၌ ဧပြီ ၂၂ ရက်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါကစ္စတန်အရပ်သား အနည်းဆုံး ၂၅ ဦး သေဆုံးသွားခဲ့ကြောင်း ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့က ပြောကြားသည်။

မြောက်ဝါဇီရစ္စတန်ရှိ စပင်ဝမ်းကျေးရွာကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အမေရိကန်တို့၏ မောင်းသူမဲ့ လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးမှုတွင် ကလေးသုံးဦးနှင့် အမျိုးသမီးနှစ်ဦးလည်း ပါဝင်ခဲ့ကြောင်း ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့က ဆက်လက် ပြောကြားသည်။ (ဝဲပုံ)

ယခင်က အလားတူ တိုက်ခိုက်မှုများအပေါ် ပါကစ္စတန် ကြည်းတပ် အကြီးအကဲက ပြစ်တင် ရှုတ်ချလိုက်ပြီးနောက် ယခုကဲ့သို့ ထပ်မံ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဒေသသည် အာဖဂန်နစ္စတန်အတွင်းရှိ နေတိုးတပ်ဖွဲ့ဝင်များအား ရိက္ခာထောက်ပံ့နေသော လမ်းကြောင်းဖြစ်သည်။ ယင်းလမ်းကြောင်းပေါ်တွင် တာလီဘန်တိုက်ခိုက်ရေးသမားများက ထောက်ပံ့ရေးယာဉ်တန်းများကိုလည်း မကြာခဏ တိုက်ခိုက်လျက်ရှိသည်။**(အင်တာနက်)**

## ၁၃၆ ကရက်ရှိသည့် စိန်ပွင့်ကြီး ဆိုက်ဘေးရီးယား၌ တူးဖော်တွေ့ရှိ

*ဗလာဒီမာဗော့စ်တော့ ဧပြီ ၂၂*

*ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ယာကူတီရာမြို့တွင် သတ္တုကုမ္ပဏီတစ်ခုမှ အလုပ်သမားများက ၁၃၆ ကရက်ကျော်ရှိသော စိန်ပွင့်ကြီးတစ်ပွင့် **(ဝဲပုံ)** ကို တူးဖော်ရရှိခဲ့ကြောင်း ရုရှားနိုင်ငံ အာအိုင်အေနိုဗိုစတီ သတင်းဌာနက ဧပြီ ၂၂ ၌ သတင်းထုတ်ပြန်သည်။*

*ကြီးမား*

*၎င်းစိန်ပွင့်ကြီးသည် အဝါရောင်သန်းနေသော အရောင်အသွေးရှိပြီး အလွန်ရှားပါးသော စိန်အမျိုးအစားဖြစ်ကြောင်း၊ အရွယ်အစားကြီးမားသည့် စိန်ပွင့်လည်းဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။*

*တွေ့ရှိခဲ့*

*အဆိုပါ စိန်ပွင့်ကြီးကို ကမ္ဘာပေါ်၌ စိန်ထုတ်လုပ်မှု အကြီးမားဆုံး ကုမ္ပဏီတစ်ခုဖြစ်သည့် အူဒါချန်စကီမှ အလုပ်သမားများက တူးဖော်ရှာဖွေ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။* ***(အင်တာနက်)***

## အိုမန်ကမ်းလွန်၌ အီတလီကုန်တင်သင်္ဘောအပိုင်စီးခံရ

*နိုင်ရိုဘီ ဧပြီ ၂၂*

***အိုမန်နိုင်ငံကမ်းလွန် အိန္ဒိယသမုဒ္ဒရာရေပြင်တွင် အီတလီကုန်တင်သင်္ဘောတစ်စင်း** (အောက်ပုံ) **ကို ဆိုမာလီ ပင်လယ်ဓားပြများက ဧပြီ ၂၁ ရက်၌ အပိုင်စီးသွားခဲ့ကြောင်း ဥရောပသမဂ္ဂပင်လယ်ဓားပြနှိမ်နင်းရေးတပ်ဖွဲ့က ဧပြီ ၂၂ ရက်၌ ပြောကြားသည်။***

***၎င်းသင်္ဘောသည် ကုန်ပစ္စည်းတန်ချိန် ၇၄၅၀၀ ကိုတင်ဆောင်ထားပြီး အီတလီသင်္ဘောသား ခြောက်ဦးနှင့် ဖိလစ်ပိုင်သင်္ဘောသား ၁၅ ဦးတို့ ပါရှိသွားသည်။ အီတလီကုန်တင်သင်္ဘောသည် ဘရာဇီးနိုင်ငံ ပါရာနာဂွာမြို့ ဆိပ်ကမ်းမှ အီရန်နိုင်ငံ ဘန်ဒါအီမန်ခိုမီနီမြို့ဆိပ်ကမ်းသို့ မောင်းနှင်လာစဉ် အိုမန်နိုင်ငံကမ်းလွန်ရေပြင်၌ အပိုင်စီးခံခဲ့ရခြင်းဖြစ်သည်။***

*အပိုင်စီးခဲ့*

***ဆိုမာလီပင်လယ်ဓားပြများသည် ခေတ်မီလက်နက်များနှင့် ဒုံးကျည်များကို ကိုင်ဆောင်ကာ ကုန်တင်သင်္ဘောများကို အပိုင်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။***

*(အင်တာနက်)*

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

# အဆိုတော်ဘာတစ်တယ်လီ အကောင်းဆုံး ဂီတပညာရှင်ဆုဆွတ်ခူး

မြင့်မောင်စိုး
စုစည်းတင်ပြသည်

**အတ္တလန္တာ ဧပြီ ၂၂**

နာမည်ကျော်အဆိုတော် ဖရန့်ဆက်ကာဘာတစ်တယ်လီသည် ဂိုးစပဲလ် ဂီတအသင်းက ချီးမြှင့်သည့် (၄၂)ကြိမ်မြောက် တစ်နှစ်တာအကောင်းဆုံး တေးဂီတပညာရှင်ဆုကို ဧပြီ ၂၁ ရက်ညပိုင်းက အမေရိကန်နိုင်ငံ အတ္တလန္တာမြို့၌ ကျင်းပသော ယင်းအခမ်းအနားတွင် ဆွတ်ခူးရရှိသွားခဲ့သည်။ (ယာပုံ)

ဘာတစ်တယ်လီသည် ချီးငှက်ရုပ်တုပုံပါ အဆိုပါ အကောင်းဆုံးဂီတပညာရှင်ဆုကို ပထမဆုံးအကြိမ်အဖြစ် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ သူမသည် အကောင်းဆုံးဂီတပညာရှင်ဆုနှင့်အတူ အခြားသောဆုနှစ်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

**လူကြိုက်အများဆုံး**

အသက် ၂၅နှစ်သာရှိသေးသည့် ဘာတစ်တယ်လီသည် မကြာမီက ထုတ်ဝေဖြန့်ချိလိုက်သော Hundred More Years တေးအယ်လ်ဘမ်ဖြင့် လူကြိုက်အများဆုံး တေးအယ်လ်ဘမ်များတွင် နံပါတ်တစ်ဖြစ်လာခဲ့သည်။

အမျိုးသားအဆိုတော် ခရစ်ဩဂတ်စ်သည် အကောင်းဆုံးဂီတပညာရှင်ဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသားဂီတပညာရှင်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

# အော်စကာဆုရ မင်းသားကြီးဂျက်ဖ် တေးအယ်လ်ဘမ်အသစ် ထွက်မည်



**လော့စ်အိန်ဂျလိစ် ဧပြီ ၂၂**

ပြီးခဲ့သည့်နှစ်က Crazy Heart ဇာတ်ကားဖြင့် အော်စကာဆု ဆွတ်ခူးသွားခဲ့သော မင်းသားကြီး ဂျက်ဖ်ဘရစ်ဂျက် **(ဝဲပုံ)** သည် မကြာမီ တေးအယ်လ်ဘမ်အသစ် ထွက်ရှိမည်ဖြစ်ကြောင်း ဘလူးနတ်စ်မှတ်တမ်းအဖွဲ့က ပြောကြားသည်။

**ကိုယ်တိုင်ပါဝင်**

သရုပ်ဆောင် ဂျက်ဖ်ဘရစ်ဂျက်သည် တေးအယ်လ်ဘမ်သစ်အတွက် တေးထုတ်လုပ်သူ တီဘုန်းဘားနက်နှင့် ထုတ်လုပ်ရန် သဘောတူထားသည်။ မင်းသားကြီး ဂျက်ဖ်ဘရစ်ဂျက်သည် **Crazy Heart** ဇာတ်ကားတွင် ကိုယ်တိုင်ပါဝင် သီချင်းရေးသားသီဆိုခဲ့သူဖြစ်သည်။

**သီဆိုမည်**

အသစ်ထွက်ရှိမည့် ဂျက်ဖ်ဘရစ်ဂျက်၏ တေးအယ်လ်ဘမ်တွင် အဆိုတော် ရိုဆန်နီကက်နှင့် ထုတ်ဝေသူ ဘားနက်၏ဇနီးဟောင်း ဆမ်ဖီးလစ်တို့ကလည်း ဧည့်အဆိုရှင်များအဖြစ် အားဖြည့်သီဆိုမည်ဖြစ်သည်။ သို့သော် တေးအယ်လ်ဘမ်အမည်နှင့် သီချင်းအမည်များကို ထုတ်ဖော်ကြေညာခြင်းမရှိပေ။

**ထုတ်ဝေခဲ့**

ဂျက်ဖ်သည် ၂၀၀၀ ပြည့်နှစ်က **Be Here Soon** အမည်ရှိ တေးအယ်လ်ဘမ်ကိုလည်း ထုတ်ဝေခဲ့သူဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

# ယူကရိန်းဘောလုံးအသင်းနည်းပြ အိုလက်ဘလိုခင်းအားခန့်အပ်

**အာကာဟိန်း-စုစည်းသည်**

**လန်ဒန် ဧပြီ ၂၂**

ယူကရိန်းဘောလုံးအသင်း နည်းပြသစ်အဖြစ် အိုလက်ဘလိုခမ်းအား ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ကြောင်း ယူကရိန်းဘောလုံးအဖွဲ့ချုပ်က ဧပြီ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

**တာဝန်ယူ**

အသက် ၅၉ နှစ်အရွယ်ရှိ ယူကရိန်းနိုင်ငံသား အိုလက်ဘလိုခမ်းသည် ယူကရိန်းဘောလုံးအသင်းကို ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နည်းပြအဖြစ်တာဝန်ယူပေးခဲ့ဖူးသူဖြစ်သည်။

၎င်းအနေဖြင့် ယူကရိန်းဘောလုံးအသင်းအား ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

အိုလက်ဘလိုခမ်းသည် နည်းပြအဖြစ် ယူကရိန်းဘောလုံးအသင်းအား စုစုပေါင်း ၄၆ ပွဲ တာဝန်ယူခဲ့ရာတွင် ၂၁ ပွဲအနိုင်ရအောင် ဦးဆောင်ကြီးကြပ်ပေးနိုင်သူလည်းဖြစ်သည်။

အိုလက်ဘလိုခမ်းသည် ဂရိကလပ် အိုလံပီယာကော့စ်အသင်း၊ အေအီးကေအသင်း၊ ပီအေအိုကေအသင်းနှင့် အိုင်အိုနီကော့စ်အသင်းတို့အား နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူလည်း ဖြစ်သည်။

**ရရှိခဲ့**

အိုလက်ဘလိုခမ်းသည် ယူကရိန်း၌ ဘောလုံးကစားခဲ့စဉ်က တစ်နှစ်တာ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုနှင့် ရွှေဘောလုံးဆုများကို ၁၉၇၅ ခုနှစ်က ရရှိခဲ့သူဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ခဲ့သည်။ **(အင်တာနက်)**

ယူကရိန်းဘောလုံးအသင်း နည်းပြသစ်
အိုလက်ဘလိုခမ်း

# အာရှချန်ပီယံ ကြက်တောင်ရိုက်ပြိုင်ပွဲ ဂျပန်နှင့် ဗီယက်နမ် ကစားသမားများနိုင်ပွဲရ

**ချန်ဒူ ဧပြီ ၂၂**

အာရှချန်ပီယံ ကြက်တောင်ရိုက်ပြိုင်ပွဲကို တရုတ်နိုင်ငံ ချန်ဒူမြို့၌ ကျင်းပလျက်ရှိရာ တတိယအဆင့် ပတ်လည်ပြိုင်ပွဲများကို ဧပြီ ၂၁ ရက်က ဆက်လက်ကျင်းပသည်။

အမျိုးသားတစ်ဦးချင်း ကြက်တောင်ရိုက်ပြိုင်ပွဲ၌ ဂျပန်ကြက်တောင်ကစားသမား ရှိဆာဆာကီက တရုတ်မှ ချန်ကျင်းအား ၂၁-၁၂၊ ၂၀-၂၂၊ ၂၁-၁၅ ဖြင့် အနိုင်ရရှိသွားသည်။

တစ်ဖန် ဗီယက်နမ်မှ ကန်မင်နုယန်က ဂျပန်နိုင်ငံမှ ကီဒိုဆိုနိုဒါအား ၂၁-၁၇၊ ၂၁-၁၃ဖြင့် နှစ်ပွဲပြတ် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ တရုတ်မှ ဒူပင်းယူက မလေးရှားမှ ဒါရင်လူအား ၂၁-၁၆၊ ၁၉-၂၁၊ ၂၁-၁၉ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

# နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

**မောင်ချစ်ကြည် - စုစည်းသည်**

## ဂျပန်နိုင်ငံ၌ အားပြင်းငလျင်လှုပ်

*တိုကျို ဧပြီ ၂၂*

*ဂျပန်နိုင်ငံ ကန်တိုဒေသတွင် ဧပြီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၃၇မိနစ်က ရစ်ချ်တာစကေး ၆ရှိသည့် အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ချီဘာစီရင်စုအရှေ့မြောက်ပိုင်း မြေအောက်အနက် ကီလိုမီတာ ၇၀ ခန့်ကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ ငလျင်တိုင်းတာရေးဌာနက ဧပြီ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။ ၎င်းငလျင်လှုပ်မှုကြောင့် တိုကျိုမြို့နှင့် ချီဘာမြို့တောင်ပိုင်းဒေသများတွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း၊ မြေအောက်ရထားများ ခေတ္တရပ်ဆိုင်းထားခဲ့ရကြောင်း၊ ကန်တိုဒေသရှိ နျူကလီးယားစက်ရုံ ထိခိုက်မှု ရှိ မရှိ သတင်းမထုတ်ပြန်သေးကြောင်း သိရသည်။ (အင်တာနက်)*

## သီရိလင်္ကာတောင်ပိုင်းဆိပ်ကမ်းတစ်ခု၌ နှစ်ပေါင်း ၂၀၀၀ ခန့်က သင်္ဘောပျက်တွေ့ရှိ

*ကိုလံဘို ဧပြီ ၂၂*

*သီရိလင်္ကာနိုင်ငံတောင်ပိုင်း ဆိပ်ကမ်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ခန့်က သင်္ဘောပျက်ဟောင်းတစ်ခုမှ ပစ္စည်းအစိတ်အပိုင်း ၂၀ ခန့်ကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သီရိလင်္ကာအရာရှိတစ်ဦးက ဧပြီ ၂၂ ရက်၌ ပြောကြားသည်။*

**ပြောကြား**

*ယင်းရှေးဟောင်းသင်္ဘောပျက်မှ ပစ္စည်းများကို ဟမ်ဘန်တိုတာခရိုင်ရှိ ဂိုဒါဗာယာဆိပ်ကမ်း၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ အလွန်ရှေးကျသော ၎င်းသင်္ဘောသည် ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ရာမှ ပျက်စီးနစ်မြုပ်ခဲ့ရခြင်းဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။* **(အင်တာနက်)**

## ရုရှားအရှေ့ဖျားရှိ မီးတောင်လှုပ်ရှားလာ

*မော်စကို ဧပြီ ၂၂*

*ရုရှားနိုင်ငံ အရှေ့ဖျားတွင်ရှိသော ကမ်ချက်ကာမြို့အနီးရှိ ကီဇိုင်မင်မီးတောင်သည် ဧပြီ ၂၂ ရက်က လှုပ်ရှားလာရာ အနီးဝန်းကျင်ရှိ ဒေသများနှင့် တောရိုင်းတိရစ္ဆာန်များကို ခြိမ်းခြောက်လျက်ရှိကြောင်း ရုရှားအရာရှိများက ပြောကြားသည်။*

*ယင်းမီးတောင်မှ ပြာမှုန်များနှင့် မီးခိုးများကို ဝေဟင်အမြင့်ကီလိုမီတာ ရာပေါင်းများစွာအထိ မှုတ်ထုတ်လျက်ရှိသည်။*

*မကြာခဏလှုပ်ရှား*

*ကီဇိုင်မင်မီးတောင်သည် ကမ်ချက်ကာမြို့ ဝန်းကျင်ဒေသတွင်ရှိသော မီးတောင်ရှင် ၂၉ လုံးအနက်မှ တစ်လုံးဖြစ်သည်။ ၎င်းမီးတောင်သည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလကစတင်ကာ မကြာခဏလှုပ်ရှားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (အင်တာနက်)*

## ဧပြီ ၂၂ ရက် ကမ္ဘာ့ဈေးကွက်

| စဉ် | ကုန်ပစ္စည်း | အရေအတွက် | ဈေးနှုန်း(အမေရိကန်ဒေါ်လာ) |
|---|---|---|---|
| ၁။ | ရေနံစိမ်း | တစ်စည် | ၁၁၂ ဒသမ ၂၉ |
| ၂။ | သဘာဝဓာတ်ငွေ့ | တစ်ကုဗမီတာ | ၄ ဒသမ ၄၁ |
| ၃။ | ရွှေ | တစ်အောင်စ | ၁၅၀၆ ဒသမ ၅၀ |
| ၄။ | ငွေ | တစ်အောင်စ | ၄၉ ဒသမ ၇၉ |
| ၅။ | ကြေး | တစ်အောင်စ | ၄ ဒသမ ၄၀ |
| ၆။ | ပလက်တီနမ် | တစ်အောင်စ | ၁၈၁၃ ဒသမ ၀၀ |

# ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်နိုင်မည့် ပျဉ်ဒရယ်ကြိုးဝိုင်းက ဒီရေတောစိုက်ကွင်းများ

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ခြင်ကျား(မအူပင်)**

**နေပြည်တော် ဧပြီ ၂၂**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်းရှိ ကုန်းမြေတို့တွင် ဒီရေတောဟုခေါ်ဆိုသော အလေ့ကျသစ်ပင်များ သဘာဝအတိုင်း ပေါက်ရောက်ကြလေသည်။ ဒီရေတောပင်ဟူသည်မှာ ပင်လယ်ဆားငန်ရည်ကို မကြောက်သော ဗြူး၊ မဒမ၊ ကနစို၊ ဗြူးခြေထောက်၊ သင်ပေါင်းစသည့် သဘာဝပေါက်ပင်များဖြစ်သည်။ ထိုအပင်များကို လူသားတို့သည် ထင်း၊ မီးသွေးနှင့် အိမ်ဆောက်ပစ္စည်းအဖြစ် ခုတ်ယူသုံးစွဲခဲ့ကြလေသည်။ နှစ်ပေါင်းကြာရှည်စွာ အလွန်အကျွံခုတ်ယူလာသောအခါ ဒီရေတောသစ်ပင်များ ပြုန်းတီးလာခဲ့ပြီး ရာသီဥတုဖောက်ပြန်သည့်ဒဏ်ကို ဒေသခံတို့ ခါးစည်းခံကြရလေ၏။

အသေအပျောက် နည်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏ သုတေသန မှတ်တမ်းအရ ၂၀၀၄ ခုနှစ် ဆူနာမီရေလှိုင်းများ ရိုက်ခတ်စဉ်က သီရိလင်္ကာနိုင်ငံမှ ဒီရေတောဝန်းရံနေသော ရွာတွင် လူနှစ်ဦးသာ သေဆုံးခဲ့ပြီး အနီးနားက ဒီရေတောမရှိသောရွာမှာ လူ ၆၀၀၀ ကျော် သေဆုံးသည်ကို တွေ့ရလေသည်။

ထိုအခါ ဘိုကလေးဒေသရှိ ဒေသခံတို့သည် ဒီရေတောပေါက်ရောက်ပင်တို့၏ အကျိုးကျေးဇူးကို သိမြင်လာခဲ့ကြလေသည်။ ဒီရေတောများကို စိုက်ပျိုးရန် ဆုံးဖြတ်ခဲ့ကြသည်။ ဘိုကလေးမြို့နယ်၊ မုန်တိုင်းကြီး၊ အရှေ့ဖျား၊ သရော်ချောင်း၊ ကျွန်းသာယာ၊ မုန်တိုင်းလေးရွာစသည့်ရွာများမှ ဒေသခံတို့သည် ဖျာပုံမြို့နယ် ပျဉ်ဒရယ် ကြိုးဝိုင်း အကွက်အမှတ် (၆၄)ရှိ စွန့်ပစ်ပုစွန်ကန်ဧရိယာအတွင်း ပုဂ္ဂလိက သစ်တောစိုက်ခင်း ဧက ၅၀၀ တည်ထောင်ရန် ကြိုးစားခဲ့ကြသည်။

ဒီရေတောစိုက်ခင်းရှိ လသားအရွယ် သမဲ့ပင်များကို တွေ့ရစဉ်။

## သဘောပေါက်

၂၀၀၈ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တောင်ဘက်ခြမ်းဒေသများကို ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ထိုဒေသများရှိ ဒေသခံတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရလေသည်။ ထိုဆုံးရှုံးမှုကြောင့် ဒေသခံတို့အတွက် သင်ခန်းစာများစွာ ရရှိခဲ့လေသည်။ ဒီရေတောများ ပျက်စီးခဲ့သောကြောင့် ဆိုးရွားသော ရာသီဥတုများကို ခံစားရကြောင်း သဘောပေါက်သိရှိခဲ့ကြသည်။

အထူးသဖြင့် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ဘိုကလေးဒေသတွင် ဒီရေတော အနည်းငယ်သာ ပြုန်းတီးခဲ့သော ''မိန်းမလှကျွန်း'' သည် အခြားဒေသတို့ထက်ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့ကြောင်း တွေ့ရှိရလေသည်။ ဘိုကလေးဒေသအတွင်းရှိ အသက်ဆုံးရှုံးသူတို့နှင့် အသက်ရှင်သူများသည် မိန်းမလှကျွန်းတွင် တင်ကျန်ရစ်ခဲ့လေသည်။ ဆူနာမီ၏ သုတေသနပြုချက်အရ ဒီရေတောရှိနေသောနေရာတွင် အပျက်အစီး

ရည်ရွယ်ချက်တူညီသော ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ထောင်လိုသူများစုပေါင်း၍ အဏ္ဏဝါကျော်ကုမ္ပဏီအဖြစ် စုစည်း၍ ဆောင်ရွက်ခဲ့သည်။ ဦးဆောင်ဆောင်ရွက်နေသော ဘိုကလေးမြို့နယ် ကျွန်းသာယာအုပ်စု ညဏ်ကွင်းကျေးရွာသား ဦးစန်းတင့်နှင့် ဦးကျော်သန်းတို့ကို တွေ့ဆုံရသောအခါ အဏ္ဏဝါကျော် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်သူတို့၏ ကောင်းမြတ်သော ရည်ရွယ်ချက်ကို သိရှိရလေသည်။

**ရည်ရွယ်ချက်များမှာ-**

၁။ ဒေသခံများအတွက် လိုအပ်သော ထင်း၊ မျောတိုင်နှင့်သစ်လိုအပ်ချက်များ ဖူလုံစေရန်။

၂။ ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများမှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းများကို ရောင်းချခြင်းအားဖြင့် ဝင်ငွေရရှိရန်။

၃။ သစ်တောထွက် ပစ္စည်းများ ရောင်းချရသောဝင်ငွေဖြင့် မိမိကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့တွင် သုံးစွဲရန်။

၄။ ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းအားဖြင့် သစ်တောအုပ်ငယ်များ ဖြစ်ပေါ်လာပြီး ရာသီဥတုမျှတစေရန် ရည်ရွယ်၍ သစ်တောထိန်းသိမ်းခြင်းနှင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ရန်တို့ ဖြစ်သည်။

ခုတ်လွန်တောပျက်များ၊ ဆားကန်၊ ပုစွန်မွေးကန်ဟောင်းများတွင် ကြီးထွားနှုန်းမြန်သော သမဲ့ပင်မျိုးများ စိုက်ပျိုးမည်ဟု သိရပေသည်။ ပျိုးပင်များကို ပလတ်စတစ်ပျိုးအိတ်ထဲ၌ ပျိုးထောင်သောစနစ်နှင့် မြေလုံးမဲ့ပျိုးထောင်သောစနစ် နှစ်မျိုးစလုံးနှင့် ပျိုးထောင်လျက်ရှိပေသည်။

## ဆောင်ရွက်ပေး

စိုက်ခင်းမြေနေရာ ပြုပြင်ရာတွင် တည်ထောင်မည့်စိုက်ခင်းမြေနေရာပေါ်မူတည်၍ ပြုလုပ်ရသည်။ ဖုန်းဆိုးတောပျက်များ၌ တောခုတ်မီးရှို့ခြင်းနှင့် ကျွန်းခွေခြင်းကို ဆောင်ရွက်ကြရလေသည်။ စွန့်ပစ်လယ်များတွင် ကန်သင်းဖျက်ခြင်း၊ တမံချိုးခြင်းနှင့် မြောင်းဖောက်ခြင်းတို့ကို ဆောင်ရွက်ရသည်။ ဒီရေတောစိုက်ခင်းများသို့ ဒီရေအဝင်အထွက် ကောင်းမွန်စေရန် ဆောင်ရွက်ပေးရသည်။

စိုက်ခင်းမြေနေရာ ရှင်းလင်းပြီးသည့်နောက် စိုက်ခင်းတည်ထောင်သည့်လုပ်ငန်းကို ဆောင်ရွက်ကြရသည်။ ထိုလုပ်ငန်းများမှာ ပန္နက်ရိုက်ခြင်း၊ သစ်ပင်စိုက်ခြင်းစသည်တို့ဖြစ်သည်။ ပန္နက်ရိုက်ရာတွင် တစ်ပင်နှင့်တစ်ပင်(၆ပေ×၆ပေ) အကွာအဝေးထားကာ ဆောင်ရွက်ကြရသည်။

## ခုတ်ထွင်ရှင်းလင်း

ပေါင်းသင်ရှင်းလင်းခြင်းကို ပထမနှစ်သားမှ စတင်ဆောင်ရွက်ကြရပေသည်။ ပထမနှစ်သားတွင် နှစ်ကြိမ်၊ ဒုတိယနှစ်သားတွင် နှစ်ကြိမ်နှင့် တတိယနှစ်သားတွင် တစ်ကြိမ် ပေါင်းသင်ပေးရသည်။ စိုက်ပင်၏ပတ်လည် တစ်ပေခန့်နှင့် လိုအပ်သောနေရာများတွင် အခြားချုပိတ်ပေါင်းများကိုလည်း ခုတ်ထွင်ရှင်းလင်းရသည်။

## ဖာထေး

''သေပင်ဖာထေးခြင်း''ကို စိုက်ပျိုးပြီးနောက် သုံးပတ်ခန့်အကြာ၌ ဆောင်ရွက်ကြရပြီး ပျိုးအိတ်နှင့် မြေလုံးမဲ့ပျိုးပင်စနစ်ဖြင့် ဖာထေးကြရလေသည်။

ကိုင်းတက်ချိုင်ခြင်းကို အပင်များ လေးနှစ်သားအရွယ်တွင် ဆောင်ရွက်ရကာ ကိုင်းတက်ချိုင်ခိုက်တွင် ထင်းအထိုက်အလျောက် ရရှိနိုင်ပါသည်။ ပင်ကျပ်နုတ်ခြင်းကို ငါးနှစ်သားအရွယ်၌ တစ်တန်းကျော်ခုတ်လှဲ ဆောင်ရွက်ကြရသည်။ စိုက်ခင်း ရှစ်နှစ်သားအရွယ်ခန့်တွင် ရွေးချယ်ပင်ကျပ်နုတ်ခြင်းဖြင့် လိုသော၊ မသန်စွမ်းသော၊ ရောဂါပိုးကျရောက်သော အပင်များကို ခုတ်လှဲကြရလေသည်။ ပင်ကျပ်နုတ်ခြင်းဖြင့် မျောတိုင်၊ ထင်းတို့ ရရှိနိုင်လေသည်။

စိုက်ခင်းရွေးချယ် ခုတ်လှဲခြင်းစနစ်ကိုအသုံးပြု၍ သက်တမ်းအလိုက် ခုတ်လှဲသွားကြရသည်။ ခုတ်ရမည့်သက်တမ်းကို ၁၀ နှစ်အဖြစ် သတ်မှတ်ထားပြီး သစ်အတန်းအစား၊ ဈေးကွက် အခြေအနေတို့နှင့် ညှိနှိုင်း၍ လိုအပ်လျှင် ပြောင်းလဲပြင်ဆင်၍ သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်သည်ဟု သိရလေသည်။ မျိုးဆက်ခြင်းလုပ်ငန်းကို ပင်ကျပ်နုတ်ခြင်း ဆောင်ရွက်အပြီး အလင်းပွင့် ကွက်လပ်များ၌ ပင်ကောင်း၊ ပင်သန့်များမှ ကြွေကျသောအသီးများဖြင့် သဘာဝအတိုင်း မျိုးဆက်နိုင်လေသည်။ နောက်ဆုံးခုတ်လှဲခြင်း ဆောင်ရွက်ပြီးသောဧရိယာကိုသာလျှင် ဖြည့်စွက်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်သည်ဟု သိရလေသည်။

အဏ္ဏဝါကျော်အဖွဲ့ ဒီရေတောစိုက်ကွင်းများသို့ ကင်းလှည့်စစ်ဆေးစဉ်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ပျဉ်ဒရယ်ကြိုးဝိုင်းအကွက်အမှတ်(၆၁)၊ (၆၂)၊ (၆၄)နှင့် (၆၅) တို့တွင် ပုဂ္ဂလိကပိုင်သစ်တော စိုက်ခင်းလျှောက်ထားသူများရှိရာ ထိုသူများမှာ ဘိုကလေးမြို့နယ် ကျွန်းသာယာအုပ်စုအတွင်းမှ တောင်သူလယ်သမားများ၊ ရေလုပ်ငန်းနှင့် အခြားစီးပွားရှာစားသူများ ဖြစ်ကြသည်။ မိမိတို့၏ မိဘ၊ ဆွေမျိုး၊ သားသမီး၊ သားမယားများ ဆုံးရှုံးရခြင်းမှာ သစ်တောများ ပြုန်းတီးပျက်စီးမှုကြောင့်ဖြစ်ကြောင်း မိန်းမလှကျွန်းဒီရေတော၏ အသက်ပေါင်းများစွာကို ကယ်တင်လိုက်မှုက လက်တွေ့ပြသလျက်ရှိရာ နောင်ဆိုးရွားသော ရာသီဥတုဒဏ်မခံကြရစေရန် ဒီရေတောများ ပြန်လည်စိုက်ပျိုးရေးကို ဆောင်ရွက်ကြခြင်း ဖြစ်လေသည်။

## ရည်ရွယ်

ထို့အပြင် စားသုံးကုန်ဖြစ်သော ငါး၊ ပုစွန်၊ ခုံး၊ ကမာများ မျိုးပွားစေရန်နှင့် အခြားသစ်တောထွက် ဆေးဝါးနှင့် ပျားရည်ရရှိစေရန် ရည်မှန်းခဲ့ကြလေသည်။ ထို့နောက် ပညာရပ်ဆိုင်ရာ သုတေသနပြုနိုင်စေခြင်း၊ တောကိုမှီ၍ ကျေးငှက်တိရစ္ဆာန်များ မျိုးမသုဉ်းစေခြင်း၊ အပန်းဖြေစခန်းနှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒီရေတောမှရရှိသောသစ်များကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မိမိတို့ဒေသသုံး သစ်ကို ဖြည့်ဆည်းရေးနှင့် ပါကေး၊ ပီတင်၊ ကြမ်းခင်းတုံး ပရိဘောဂကုန်ချောများ ပြည်ပပို့နိုင်ရေးကိုပါ ရည်ရွယ်ခဲ့ကြလေသည်။

ယခုအခါ ဖျာပုံမြို့နယ် ပျဉ်ဒရယ်ကြိုးဝိုင်းအတွင်း၌ ဒီရေတောစိုက်ခင်းများကို ဧက ၆၄၅၀ စိုက်ပျိုးပြီးစီးနေခဲ့ပြီ ဖြစ်သည်။ သို့သော် အချို့သော ဝိသမလောဘသမားတို့သည် ရေတိုအကျိုးကိုမျှော်၍ ရေရှည်အကျိုးကိုမမြင်နိုင်ဘဲ ဒီရေတောစိုက်ခင်းများကို ကျူးကျော်ဖျက်ဆီးနေကြသည်ဟု ဆိုလေသည်။ အချို့က ကင်းတဲနှင့်စိုက်ခင်းဆိုင်းဘုတ်များကို ဖျက်ဆီးခြင်း၊ တရားမဝင် ခုတ်လှဲခြင်း၊ သစ်ပေါင်းတောများအား မီးရှို့ခြင်း၊ တရားမဝင် ပုစွန်ကန်၊ ဆားကွင်းများ ကျူးကျော်ခြင်းကို ဆောင်ရွက်နေကြသည်။

## နှိုးဆော်တင်ပြ

သို့သော် ဒီရေတောစိုက်ခင်းများကို တည်ထောင်သူတို့ဘက်ကလည်း စိတ်ရှည်သည်းခံလျက် ဒေသခံပြည်သူများ သဘောပေါက်နိုင်ရန် စည်းရုံးလျက်ရှိသည်ဟု ဆိုပါသည်။ သို့ပါ၍ ဒီရေတောစိုက်ခင်းများ စိမ်းလန်းစိုပြည်လာပါက နာဂစ်ကဲ့သို့သော ဆိုးရွားသည့် ရာသီဥတုဖောက်ပြန်မှုကို တံတိုင်းပမာ ကာကွယ်နိုင်ကြောင်း ဒေသခံများ သိရှိသဘောပေါက်နိုင်ရန် ဤဆောင်းပါးဖြင့် နှိုးဆော်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

ပျဉ်ဒရယ်ကြိုးဝိုင်းရှိ ဒီရေတောစိုက်ခင်းတွင် သမဲ့ပင်တို့ အောင်မြင်ဖြစ်ထွန်းနေစဉ်။

# ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးဟောပြောပွဲ လောင်းလုံမြို့နယ် နခံတောကျေးရွာ၌ ကျင်းပ

ထားဝယ် ဧပြီ ၂၂

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးညှိနှိုင်းရေးယူနစ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ-ထိုင်း-မလေးရှား ကျွန်းဆွယ်တစ်လျှောက် ခွာနာလျှာနာရောဂါ ကင်းရှင်းရေးနှင့် ပပျောက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်တစ်ခုအဖြစ် ကျင်းပသည့် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးဟောပြောပွဲကို ဧပြီ၂၂ရက် နံနက် ၈ နာရီ ၁၅မိနစ်က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် နခံတောကျေးရွာအုပ်စု နခံတောကျေးရွာ အမကကျောင်း၌ ကျင်းပသည်။**

အဆိုပါဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး သား၊ငါး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းအောင်တက်ရောက်၍ အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်ထွန်းက မြန်မာ-ထိုင်း-မလေးရှားကျွန်းဆွယ် တစ်လျှောက် ခွာနာလျှာနာရောဂါ ကင်းရှင်းရေးနှင့် ပပျောက်ရေးလုပ်ငန်း စီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ခွာနာလျှာနာရောဂါ ဓာတ်ခွဲခန်းဆိုင်ရာကျွမ်းကျင်ပညာရှင် ဒေါက်တာ ခင်မောင်လတ်က ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာ အတွေ့အကြုံများကိုလည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး **(အောက်ပုံ)** တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် တိုင်းဒေသကြီး သား၊ ငါးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးသည် ခွာနာလျှာနာ ဗိုင်းရပ်(စ်)ပိုး ရှာဖွေစစ်ဆေးရန် နွားများမှ သွေးရည်ကြည်ထုတ်ယူခြင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# တိုင်းရင်းဆေးကုဌာန လွှဲပြောင်းပေးအပ်ပွဲ ဆောမြို့နယ်၌ ကျင်းပ

**ဆော ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မတ် ၃၁ရက်က တိုင်းရင်းဆေးကုဌာန လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်ကြူကြူနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

### ရှင်းလင်းပြောကြား

ယင်းနောက် မြို့နယ် စီမံကိန်းဦးစီးဌာနမှူး ဦးဝင်းနိုင်က မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်မာမာချိုသို့ တိုင်းရင်းဆေးကုဌာနနှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပြီး မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါ်ကြူကြူက တိုင်းရင်းဆေးပညာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**(တိုင်းရင်းဆေးပညာဦးစီးဌာန)**

## ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ်မြို့နယ်၌ ဝိန်းနေ-ဝိန်းကောင်း ကတ္တရာလမ်းခင်းရန် ဆောင်ရွက်ထားရှိမှုကို မတ် ၂၅ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## ကုန်းသာ - လေးထပ်ကျောင်း ကျောက်ချော လမ်းဖွင့်

*ဝန်းသို ဧပြီ ၂၁*

***ကသာခရိုင် ဝန်းသိုမြို့နယ် ရွှေဝန်းသီတာအုပ်စု ကုန်းသာ-လေးထပ်ကျောင်း ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၁၄ ရက် နံနက် ၇ နာရီက ကျင်းပသည်။***

*ရှင်းလင်းပြောကြား*

***အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးကျော်မိုးက စည်ပင်သာယာရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖ ဦးမင်းနိုင်က ကျောက်ချောလမ်း ဖွင့်လှစ်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။***

*လက်ခံယူ*

***ထို့နောက် ကျောက်ချောလမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို အမှုဆောင်အရာရှိ ဦးကျော်မိုးက ပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက လက်ခံယူသည်။***

***ယင်းနောက် ကျောက်ချောလမ်းသစ်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အောင်နှင့် အမှုဆောင်အရာရှိ ဦးကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။*** *(မြို့နယ် ပြန်/ဆက်)*

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အမြို့မြို့အနယ်နယ် သတင်းထွေတလာ

# မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ထန်းတပင်မြို့၌ကျင်းပ

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ရက် မဟာသင်္ကြန်အကြိုနေ့က အဆိုပါမြို့နယ်ရေကစားမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက မဟာသင်္ကြန်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ရိုးရာယဉ်ကျေးမှုနှင့် မကိုက်ညီသော ဝတ်စားဆင်ယင်မှုဓလေ့စရိုက်များကို ရှောင်ရှားသွားကြ၍ မြို့နယ်နေ မြို့နယ်သူ မြို့နယ်သားများ ပျော်ရွှင်ချမ်းမြေ့စွာ ရင်းနှီးစွာ ရေကစားကြရန် နှစ်သစ်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မြို့နယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးနှင့် ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** (၁၈၃)

# ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**သာယာဝတီ ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် အရှေ့မြို့ပတ်လမ်းရှိ သောဘထောရုံကျောင်းတိုက်တွင် နှလုံးလှကုသိုလ်ရှင်များအသင်းက ကြီးမှူးကျင်းပသော နှလုံးလှဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၈ရက်မှ ဧပြီ ၄ရက်အထိ သင်ကြားစီမံဆရာ ဆရာမ ၁၂ဦးတို့ဖြင့် အဆင့်သုံးဆင့်ခွဲကာ သင်ကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၄၀၀ခန့် တက်ရောက်သင်ကြားခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(၁၁၁)

## အလှူငွေပေးအပ်

**ရွှေကူမြို့နယ် နောင်မိုကျေးရွာ မူလတန်းကျောင်း ပြုပြင်ရန်အတွက် အလှူငွေ ပေးအပ်ပွဲကို နောင်မိုအမကကျောင်းခန်းမ၌ မတ် ၁၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။**

(၀၇၃)

## ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

**(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။**

**(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။**

**(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။**

**မီးသတ်ဦးစီးဌာန**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အောင်ပန်း၊ ကလောမြို့တို့မှ ဂေါ်ဖီထုပ်များ ကားကြီးများဖြင့် သီရိမင်္ဂလာဈေးသစ်ကြီးသို့ ဤသို့ နေ့စဉ်ဝင်လျက်ရှိသည်။

## ဂေါ်ဖီးဂေါ်ဖျား ရာသီသီးနှံများ ဈေးကွက်

ဈေးကွက်သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဧပြီ ၂၂

ယနေ့စာရေးသူတို့ နေ့စဉ်စားသုံးနေကြသော သစ်သီးဝလံတို့သည်ကား မြန်မာနိုင်ငံ၏ ကောင်းမွန်သော ရေမြေသဘာဝအရ ရာသီအလိုက် အလှည့်ကျမပြတ်သီးပွင့်နေကြသည်။ သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းမှ သစ်သီးဝလံ၊ ပန်းမန်တို့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးသစ်ကြီးဆီသို့လည်း မှန်မှန်စီးဝင်လျက်ရှိနေသည်။

၂၀၁၀ခုနှစ် ဒီဇင်ဘာလအတွင်းက ဖွင့်လှစ်ခဲ့သော ဈေးသစ်ကြီးအတွင်းသို့ စာရေးသူ ယခုမှပင် စတင်ခြေချမိတော့သည်။ ဈေးသစ်ကြီးသည်ကား ကျယ်ဝန်းလှပေစွ။ ဈေးရုံကြီး ကိုးရုံရှိပြီး ဆိုင်ခန်းပေါင်း ၂၀၈၇ ခန်းရှိကြောင်း သိရသည်။ ဈေးတာဝန်ခံ ဦးဝင်းမောင်အား ဝင်ရောက်နှုတ်ဆက်ပြီး ဈေးအတွင်း ကုန်စည်စီးဆင်းနေမှုတို့ကို လေ့လာခဲ့သည်။

### လှိုင်လှိုင်ဝင်

ယခုရာသီ၌ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ဘက်မှ ထွက်ရှိသော ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်များ အဝင်ကျဲသွားပြီ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်း၊ ကလောမြို့တို့မှ လှိုင်လှိုင်ဝင်လာကြပြီဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁** ❍

### မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ယူကရိန်း ဘောလုံးအသင်းနည်းပြ အိုလက် ဘလိုခမ်းအား ခန့်အပ်။
(စာ-၁၂)

ပါကစ္စတန်နိုင်ငံ အိန္ဒုမြစ်အတွင်း ရဟတ်ယာဉ်တစ် စင်း ပျက်ကျ။
(စာ-၁၁)

အဆိုတော် ဘာတစ် တယ်လီ အကောင်းဆုံး ဂီတပညာရှင်ဆုဆွတ်ခူး။
(စာ-၁၂)